**အထွေထွေ ညီလာခံ**

ဖြန့်ချိမှု-အထွေထွေ
၂၀၂၁ ခုနှစ် ဇူလိုင်လ ၅ ရက်

မူရင်း-အင်္ဂလိပ်စာ

**လူ့အခွင့်အရေး ကောင်စီ**

**လေးဆယ့်ရှစ်ကြိမ်မြောက် အစည်းအဝေး**

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက်- အောက်တိုဘာလ ၁ ရက်

အစည်းအဝေး အစီအစဉ် အမှတ် ၄

**ကောင်စီ၏ သတိမူရမည့် လူ့အခွင့်အရေး အခြေအနေ**

# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ အစီရင်ခံစာ

*အစီရင်ခံစာ အကျဉ်း*

လက်ရှိ စာတမ်းသည် လူ့အခွင့်အရေးကောင်စီ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့ ဆုံးဖြတ်ချက် အမှတ် ၃၉/၂ အရ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားက ကောင်စီသို့ တတိယအကြိမ်မြောက်အဖြစ် တင်သွင်းသည့် အစီရင်ခံစာဖြစ်သည်။ ဤအစီရင်ခံစာတွင် ၂၀၂၀ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ (ကောင်စီသို့ ယခင် အစီရင်ခံစာ တင်သွင်းသည့် ရက်စွဲ) မှ ၂၀၂၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့အထိ လုပ်ကိုင်ဆောင်ရွက်မှုများကို ဖော်ပြထားသည်။

ယန္တရားသည် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ လုပ်ငန်းစတင်ခဲ့ချိန်ကစ၍ ၎င်း၏ အလုပ်အတွက် ခိုင်မာသော အုတ်မြစ်များကို ချမှတ်နိုင်ခဲ့သည်။ ကမ္ဘာအနှံ့ ဖြစ်ပွားလျှက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ် ရောဂါ (ကိုဗစ်-၁၉) ကြောင့် ပေါ်ပေါက်လာသော လုပ်ငန်းပိုင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် ငွေကြေးအကျပ်အတည်းကြောင့် ကြုံရသည့် အကန့်အသတ်များကို ကျော်လွှားနိုင်ခဲ့ပြီးနောက် ၎င်းသည် အရေးပါသည့် စွမ်းဆောင်မှု အဆင့်ကို ရောက်ရှိခဲ့ပြီး ၎င်း၏ ရှုပ်ထွေးပြီး နည်းပညာဆိုင်ရာ လုပ်ပိုင်ခွင့်ကို ထိရောက်ကျွမ်းကျင်စွာ အကောင်အထည် ဖော်နိုင်မည့် အဖွဲ့တစ်ဖွဲ့နှင့် အခြေခံ အဆောက်အအုံတစ်ရပ်ကို တည်ဆောက်ခဲ့ပါသည်။ ယန္တရားသည် သက်သေအထောက်အထားများကို အီလက်ထရောနစ်စနစ်အရ ပြုစုစုဆောင်းရန်၊ ထိန်းသိမ်းရန်၊ စီမံရန်နှင့် လေ့လာဆန်းစစ်ရန် လုံခြုံပြီး အဆင့်မြင့်သည့် သတင်းအချက်အလက် စီမံခန့်ခွဲသည့်စနစ်တခုကို ထူထောင်ခဲ့ပါသည်။ အထူးပြုထားပြီး နောက်ဆုံးပေါ် နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးချခြင်းဖြင့် သတင်းအချက်အလက်များနှင့် သက်သေအထောက်အထား ပြုစုစုဆောင်းခြင်း အလုပ်ကို သိသိသာသာ တိုးချဲ့ပေးခဲ့ပြီး ယန္တရားလုပ်ငန်းအတွက် အဓိကကျသည့် ပါဝင်ပတ်သက်သူများကို ကမ်းလှမ်းဆက်သွယ်ခဲ့သည်။

ထို့ပြင် အထူးပြုနယ်ပယ် အမျိုးမျိုးတွင် အတွေ့အကြုံရှိပြီး ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများကိုလည်း ထပ်မံခေါ်ယူ ခန့်အပ်ခဲ့သည်။ ကြုံတွေ့နေရဆဲ စိန်ခေါ်မှုများနှင့် ပေါ်ထွက်လာသည့် အခြေအနေသစ်များကို ရင်ဆိုင်ရာ၌ ယန္တရားသည် နည်းပညာကို အသုံးချပြီး ဆန်းသစ်သည့် နည်းဗျူဟာများနှင့် ပြောင်းလွယ်ပြင်လွယ်ရှိသည့် အလုပ်အစီအမံများကို အသုံးချရင်း ပုံမှန်လုပ်နေကြ မဟုတ်သည့် အစီအမံများနှင့် ဆန်းသစ်တီထွင်မှုများကို ဖော်ဆောင်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ် စစ်အာဏာသိမ်းပြီးနောက် ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်အတွင်းတွင် မြန်မာနိုင်ငံမှ အခြေအနေများ အထူးသဖြင့် တရားလက်လွတ် ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ အတင်းအကျပ် အစဖျောက်ပစ်ခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား အင်အားသုံး ဖြိုခွင်းခြင်းများနှင့်ဆိုင်သည့် သတင်းများကို အနီးကပ် စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။ အများအပြား ဝင်ရောက်လာသည့် သတင်းအချက်အလက်များနှင့် လျင်မြန်စွာ ဖြစ်ပျက်ပြောင်းလဲနေသည့် ဖြစ်ရပ်များကို စေ့စေ့ငငကိုင်တွယ်စီမံနိုင်ရန် မူလက လုပ်ဆောင်ရန် စီစဉ်ထားသည့် လုပ်ငန်းဆောင်တာများကို အခြေအနေသစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နေစဉ်မှာပင် ယန္တရားသည် အစောပိုင်း ဖြစ်ရပ်များနှင့်စပ်လျဉ်းသည့် သက်သေအထောက်အထားကို ပြုစုစုဆောင်းမှုအပိုင်း၌ တိုးတက်မှုများ ဆက်လက် ရရှိခဲ့ပါသည်။ ယန္တရားသည် ရိုဟင်ဂျာများ၏ အခြေအနေနှင့် မြန်မာနိုင်ငံတခြား ဒေသများနှင့်ဆိုင်သည့် အချက်အလက်များ အပါအဝင် ဦးစားပေး နေရာဒေသအားလုံးတွင် စုံစမ်းစစ်ဆေးမှုများ ဆက်လက်တိုးမြှင့် လုပ်ဆောင်ရန်အတွက် ၎င်း၏ ပင်မရင်းမြစ်များနှင့် စွမ်းဆောင်ရည်များကို နည်းဗျူဟာကျကျ ဆက်လက် အသုံးချရန် ကြပ်မတ်လုပ်ဆောင်ခဲ့သည်။ ဤသို့လုပ်ဆောင်မှုသည် ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်းတွင် အားလုံးသော အခြေအနေများ၊ ဖြစ်ရပ်များ၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို စုံစမ်းရာတွင် သီးခြားလွတ်လပ်မှုနှင့် သမာသမတ် ရှိမှုတည်းဟူသော ယန္တရားကိုင်စွဲထားသည့် အခြေခံမူများနှင့်အညီ လုပ်ဆောင်ရန် ပိုင်းဖြတ်ထားသည်ကို ပြသနေပါသည်။

ယန္တရားသည် လက်ရှိအချိန်အထိ မိမိ၏ အောင်မြင်မှုများကို တည်ဆောက်ရာ၌ မြန်မာနိုင်ငံတွင် အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ကျူးလွန်သူများအား တရားနည်းလမ်းကျစွာ အရေးနိုင်ရန် ၎င်း၏ ပဓာနအလုပ်ကို ဆက်လက်၍ တိုးချဲ့ခြင်း၊ ဆက်သွယ်ဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ခြင်း၊ ၎င်း၏ လက်ရှိစီမံကိန်းများကို ပိုမို အားကောင်းအောင် လုပ်ဆောင်ခြင်းများကို ဆက်လက် လုပ်ဆောင်သွားပါမည်။

This is not an official translation of the United Nations.
Refer to A/HRC/48/18 for the official English version of this document

အောက်ပါ အစီရင်ခံစာ ဘာသာပြန်သည် ကုလသမဂ္ဂ၏ တရားဝင် ဘာသာပြန်ဆိုချက် မဟုတ်ပါ။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြထားသော တရားဝင် မူရင်းအတွက် A/HRC/48/18 ကိုကြည့်ပါ။

# မာတိကာ

*စာမျက်နှာ*


i. နိဒါန်း ........ 4

II. ယန္တရား၏ နည်းဗျူဟာကျသော ဦးစားပေးမှုများနှင့်ပတ်သက်၍ တိုးတက်မှု ........ 5

A. သက်သေအထောက်အထား ပြုစုစုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းကို တိုးချဲ့ခြင်း........ 5

B. သတင်းအချက်အလက်များကို စိစစ်သုံးသပ်ခြင်းနှင့် ဝေမျှပေးကမ်းခြင်း ........ 10

C. ပူးပေါင်းဆောင်ရွက်ရေး အစီအမံများနှင့် စံပြပုံစံများ........ 14

D. ဆိုင်ရာပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အများပြည်သူသို့ ကမ်းလှမ်းဆက်သွယ်မှု
16

III. လုပ်ပိုင်ခွင့် အကောင်အထည်ဖော်ဆောင်ရွက်စေနိုင်မည့် လုပ်ငန်းဆိုင်ရာ ဖြစ်ပျက်ပြောင်းလဲမှုများ ........ 17

A. အခြေခံ မူဝါဒများ၊ လုပ်ထုံးများနှင် လုပ်နည်းလုပ်ဟန်များ........ 18

B. အခြေခံ အဆောက်အအုံနှင့် နည်းပညာ ........ 18

C. စီမံခန့်ခွဲရေးဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ပံ့ပိုးမှု........ 19

IV. နိဂုံးချုပ် ........ 20

# I. နိဒါန်း

1. ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ချမှတ်ခဲ့သည့် လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၃၉/၂ အရ၊ မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ် နောက်ပိုင်း ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်မှုများအတွက် သက်သေအထောက်အထားများကို ပြုစုစုဆောင်းရန်၊ တစ်ပေါင်းတည်းစုစည်းရန်၊ ထိန်းသိမ်းထားရန်နှင့် ဆန်းစစ်သုံးသပ်ရန်အပြင် နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများတွင် မျှတပြီး အမှီအခိုကင်းသော ရာဇဝတ်တရားစွဲဆိုမှုများကို အပြည်ပြည်ဆိုင်ရာဥပဒေ စံနှုန်းများနှင့်အညီ ပြုလုပ်နိုင်ရန်အလို့ငှါ အမှုတွဲများကို ပြင်ဆင်ပေးရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားကို ဖွဲ့စည်းခဲ့ပြီး လုပ်ပိုင်ခွင့် အပ်နှင်းခဲ့သည်။ ကုသမဂ္ဂ အထွေထွေညီလာခံကလည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့ ၎င်း၏ ဆုံးဖြတ်ချက် အမှတ် ၇၃/၂၆၄ တွင် ဤယန္တရား ဖွဲ့စည်းခြင်းကို ကြိုဆိုခဲ့သည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ ရက်စွဲပါ လူ့အခွင့်အရေးကောင်စီ ဥက္ကဋ္ဌသို့ ပေးပို့စာတွင် အထွေထွေအတွင်းရေးမှူးချုပ်ကလည်း ယန္တရားအား ၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့၌ လုပ်ငန်း စတင်လည်ပတ်ကြောင်း သတ်မှတ်ခဲ့သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့ ဆုံးဖြတ်ချက် အမှတ် ၄၂/၃ အရ ကောင်စီနှင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ ဆုံးဖြတ်ချက် အမှတ် ၇၄/၂၄၆ အရ အထွေထွေညီလာခံသည် ယန္တရား၏ လုပ်ငန်းဝင်ရောက်ခြင်းကို ကြိုဆိုခဲ့သည်။ ကောင်စီသည် ၎င်း၏ ၂၀၂၀ ခုနှစ် ဇွန်လ ၂၂ ရက်နေ့ ဆုံးဖြတ်ချက် အမှတ် ၄၃/၂၆ တွင် ယန္တရားအား အခြားအဖွဲ့အစည်းများအပြင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးတို့၏ အနာဂတ် စုံစမ်းစစ်ဆေးမှုများနှင့်ပတ်သက်၍လည်း နီးနီးကပ်ကပ်နှင့် သင့်တင့်လျောက်ပတ်သည့် အချိန်တွင် ပူးပေါင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်။

2. ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရာနှင့် လူ့အခွင့်အရေးကောင်စီသို့ တင်ပြခဲ့သည့် ၎င်း၏ ယခင်အစီရင်ခံစာတွင် ဖော်ပြခဲ့သည့် ဗျူဟာမြောက် ဦးစားပေး လုပ်ဆောင်ရမည့် ကိစ္စရပ်များကို ရှေ့ဆက်ဆောင်ရွက်ရာ၌ အရေးကြီးသည့် တိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အရေးပါပြီး အခြေခံကျကျ စွမ်းဆောင်နိုင်သည့် အစီအမံများကို နှစ်နှစ်အတွင်း ထူထောင်နိုင်ခဲ့ပါသည်။ [1] သို့သော်လည်း ဆက်လက် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အသစ်ပေါ်ပေါက်လာသည့် ဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် ဦးစားပေး ကိစ္စရပ်များကို အခြေအနေသစ်နှင့်အညီ လိုက်လျောညီထွေ ပြောင်းလဲလုပ်ဆောင်ခဲ့ရသည်။ ကမ္ဘာအနှံ့ ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ် ရောဂါ (ကိုဗစ်-၁၉) ကပ်ဘေးကြီးကြောင့် သက်သေအထောက်အထားများကို ပြုစုစုဆောင်းရန်နှင့် ယင်းအထောက်အထားများ မှန်ကန်ကြောင်း အတည်ပြုရန်အတွက် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် လူချင်းတွေ့ဆုံရန် ခရီးသွားလာရေး၊ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ၎င်း၏ ကမ်းလှမ်းဆက်သွယ်ရေး ကြိုးပမ်းမှုများ အထူးသဖြင့် သက်သေများ၊ နစ်နာသူ အစုအဖွဲ့များနှင့် ဆက်သွယ်ရန်ကြိုးပမ်းမှု အပိုင်းများတွင် အကန့်အသတ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ မြန်မာနိုင်ငံ၌ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်မှ အာဏာသိမ်းပြီးနောက် တရားလက်လွတ် ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ အတင်းအကျပ်

[1] A/HRC/45/60.

အစဖျောက်ပစ်ခြင်း၊ ဥပဒေမဲ့ ကွက်မျက်ခြင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား အင်အားသုံး ဖြိုခွင်းခြင်းများ နေရာအနှံ့ ဖြစ်ပွားနေသည်ဆိုသည့် သတင်းများကြောင့် ဂရုတစိုက် စောင့်ကြပ်ကြည့်ရှုခြင်း၊ အချက်အလက် ပြုစုစုဆောင်းခြင်း၊ အတည်ပြုခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းများ ပြုလုပ်ရန် လုပ်ပိုင်ခွင့်ရထားသည့် ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များ မကြုံစဖူး အမြောက်အမြား ပေါ်ထွက်လာခဲ့သည်။

3. မြန်မာနိုင်ငံတွင်းက လတ်တလော ဖြစ်ရပ်များကို စိုးရိမ်တကြီး လေ့လာ စောင့်ကြည့်လျက်ရှိပြီး အကြမ်းဖက်မှုများ ရပ်တန့်ရန် အထွေထွေအတွင်းရေးမှူးချုပ်နှင့် တခြား ကုလသမဂ္ဂ ကိုယ်စားလှယ်များ၏ တောင်းဆိုချက်များကို ယန္တရားက ထပ်ဆင့် တောင်းဆိုခဲ့ပါသည်။ မြန်မာနိုင်ငံတွင် မကြာသေးခင်က ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုကြီးများ ကျူးလွန်ခဲ့သူများအား ထိုက်သင့်သည့် ပြစ်ဒဏ်မပေးနိုင်သည့် သံသရာလည်မည့် အန္တရာယ်ရှိနေသည်ကို ပြသနေပြီး မြန်မာပြည်သူအားလုံးကို အကာအကွယ်ပေးရန်နှင့် အကြမ်းဖက်မှု သံသရာကို ချိုးဖျက်ရန် အပြစ်ရှိသူများအား ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်နိုင်ဖို့ အရေးကြီးပုံကို ပြသလျက်ရှိသည်။ ယန္တရားသည် ၎င်း၏ အရေးပါသည့် အခန်းကဏ္ဍကို ပီပီပြင်ပြင် ထမ်းဆောင်ပေးရန်၊ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းမှ သက်ဆိုင်သူအားလုံးနှင့် တက်တက်ကြွကြွ ပူးပေါင်းလုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားပါသည်။ အထူးသဖြင့် ၎င်းအား ဖွဲ့စည်းခဲ့သည့် ရည်ရွယ်ချက်ကို အပြည့်အဝ အကောင်အထည်ဖော်ရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုကြီးများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုကို မိမိ၏ လုပ်ပိုင်ခွင့်အတွင်း ဆောင်ကြဉ်းပေးရန်နှင့် နောက်ထပ် ရက်စက်ယုတ်မာမှုများကို ဟန့်တားပေးစေရန်အတွက် ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက်၍ တက်တက်ကြွကြွ ဆက်သွယ်ဆောင်ရွက်ပါမည်။

## II. ယန္တရား၏ မဟာဗျူဟာကျ ဦးစားပေးကိစ္စရပ်များနှင့်ပတ်သက်၍ တိုးတက်မှု

4. ၂၀၂၀ ခုနှစ်တွင် ယန္တရားသည် ၎င်း၏ လုပ်ငန်းဆောင်တာများကို အပြည့်အဝ ဖော်ဆောင်နိုင်ခြင်း၊ ၎င်း၏ လုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ကြဉ်းပေးခြင်းတို့အတွက် အဆင့်သင့်ရှိနေရန် ပြည့်စုံကုံလုံသော မဟာဗျူဟာ တစ်ရပ်ကို လက်ခံကျင့်သုံးခဲ့သည်။ ကောင်စီသို့ တင်သွင်းသည့် ယခင် အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသကဲ့သို့ ယင်းမဟာဗျူဟာသည် ဖော်ပြပါ အဖွဲ့အစည်းဆိုင်ရာ ဦးစားပေးလုပ်ကိုင်ရမည့် ကိစ္စရပ်များကို ဦးတည်ချက်ထားထားသည်။ ၎င်းတို့မှာ သတင်းအချက်အလက်များနှင့် သက်သေ အထောက်အထားများကို ပြုစုစုဆောင်းခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းတို့ကို တိုးချဲ့လုပ်ဆောင်ခြင်း၊ တရားရုံးများနှင့် ခုံရုံးများသို့ ၎င်း၏အချက်အလက်များကို ဝေမျှနိုင်ရန် သက်သေအထောက်အထားနှင့် ဆန်းစစ်လေ့လာထားသည့် စာရွက်စာတမ်းများ ရရှိနိုင်မှုကို တိုးမြှင့်ပေးခြင်း၊ သတင်းအချက်အလက်သစ် ပေးပို့သူများ၊ အကူအညီ ပေးကမ်းသူများနှင့် ပူးပေါင်းဆောင်ရွက်မှုဘောင်များ ဖွံ့ဖြိုးရေးကို ဆက်လက် တိုးမြှင့်ဆောင်ရွက်ခြင်း၊ ၎င်း၏ လုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများ အထူးသဖြင့် သက်သေများနှင့် နစ်နာသူ အုပ်စုများကြား သဘောပေါက်နားလည်မှု ပိုရှိလာစေခြင်း၊ ယန္တရား၏ လုပ်ဆောင်မှုများ ပိုမို ထင်သာမြင်သာ ရှိလာစေရန် လုပ်ဆောင်ခြင်းတို့ဖြစ်သည်။ ကမ္ဘာအနှံ့ ဖြစ်ပွားနေသည့် ကိုဗစ်-၁၉

ကပ်ဘေးကြီးကြောင့် အကန့်အသတ်များ ရှိနေလင့်ကစား ယန္တရားသည် နယ်ပယ်မျိုးစုံတို့တွင် အရေးကြီးသော တိုးတက်မှုများကို လုပ်ဆောင်နိုင်ခဲ့သည်။

## A. သက်သေအထောက်အထား ပြုစုစုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းကို တိုးချဲ့ပေးခြင်း

5. ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်အောက်တွင် နေရာဒေသအားလုံးရှိ လူပုဂ္ဂိုလ် အဖွဲ့အစည်းအားလုံးထံမှ သတင်းအချက်အလက်နှင့် သက်သေအထောက်အထားများကို ဓမ္မဓိဋ္ဌာန်ကျကျ စနစ်တကျ ပြုစုစုဆောင်းရန် ရည်မှန်းထားသည်။ လက်ရှိအချိန်အထိ ယန္တရားသည် စာရွက်စာတမ်းများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ ဂြိုလ်တုမှတဆင့် ရိုက်ကူးထားသည့်ပုံများ၊ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များ၊ အွန်လိုင်းမီဒီယာများမှ ရရှိသော အချက်အလက်များ အပါအဝင် သတင်းရင်းမြစ် မျိုးစုံမှ သတင်းအချက်အလက် ပုံစံ ၁.၃ သန်းကျော် ကို စုဆောင်းရယူထားပြီး ယင်းအချက်အလက်များကို အနာဂတ်တွင် ဝေမျှနိုင်ရန် မှတ်တမ်းတင်ထားသည်။ ယန္တရားသည် ဤသတင်းအချက်အလက်များ- သတင်းအချက်အလက် အများစု - (၉၀၀ ၀၀၀) ကျော် - ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် စုဆောင်းရရှိပြီး လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။ ဤသို့ လုပ်ဆောင်နိုင်ခဲ့သည်မှာ ဦးစားပေး စုံစမ်းစစ်ဆေးရမည့် ကိစ္စများကို မဟာဗျူဟာကျကျ ဦးတည်ချက်ထား လုပ်ဆောင်ခဲ့ခြင်း၊ သတင်းအချက်အလက် ပေးပို့နိုင်မည့် အလားအလာရှိသူများကို ပစ်မှတ်ထား ရွေးချယ်နိုင်ခြင်း၊ မြန်မာနိုင်ငံတွင်းမှ ဖြစ်ပေါ်ပြောင်းလဲမှုများကို ဆက်လက် လေ့လာစောင့်ကြည့်နေခြင်း၊ အွန်လိုင်းမီဒီယာများမှတဆင့် စုံစမ်းလုပ်ဆောင်မှုများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊ လုံခြုံပြီး နောက်ဆုံးပေါ် အီလက်ထရောနစ်စနစ်အရ သိုလှောင်သည့် သတင်းအချက်အလက် စီမံခန့်ခွဲရေး စနစ်တစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

### စုံစမ်းစစ်ဆေးမှုဆိုင်ရာ ဦးစားပေးကိစ္စများ

6. မြန်မာနိုင်ငံအရေး၏ နယ်ပယ်အတိုင်းအတာ၊ ရှုပ်ထွေးမှုနှင့် မတူကွဲပြားခြားနားမှုတို့အပြင် လက်ရှိ ကြုံနေရသည့် အကန့်အသတ်များကို ထောက်ချင့်ပြီး ယန္တရားသည် ရရှိနိုင်သော သတင်းအချက်အလက်များနှင့် အထောက်အထားများကို အလေးထားသည့် ပုံစံဖြင့် ၎င်း၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို ဆက်လက်ပုံဖော် ဆောင်ရွက်ခဲ့သလို တဘက်တွင်လည်း ရေရှည် ပြုစုစုဆောင်းရေးနှင့် အတည်ပြုရေးဆိုင်ရာ ကြိုးပမ်းမှုများအတွက် အခြေခံများကို တည်ဆောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုအားလုံးကို စုံစမ်းစစ်ဆေးရန် မဖြစ်နိုင်သည့်အလျှောက် ယန္တရားသည် ရာဇဝတ်မှုများ ကျူးလွန်နေသည်ဟု သံသယရှိသည့် သီးခြားအခြေအနေများ၊ ဖြစ်ရပ်များနှင့် သတ်မှတ် ရွေးချယ်ထားသော လူပုဂ္ဂိုလ်များ၊ အုပ်စု အဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် သက်သေအထောက်အထားများကို ပြုစုစုဆောင်းခြင်းနှင့် အတည်ပြုခြင်းကို ဦးစားပေးမည့် မဟာဗျူဟာကို ဖော်ဆောင်ခဲ့သည်။ ရည်ရွယ်ချက်မှာ ယန္တရားအနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးမျိုးသော အစုအဖွဲ့များပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် ယင်းရာဇဝတ်မှုများနှင့် အလားသဏ္ဌာန်တူသည့် ရာဇဝတ်မှုအတွက် တာဝန်ရှိမှုကို သက်သေထင်ရှားပြသသည့် အောင်အောင်မြင်မြင် တရားစွဲနိုင်မည့် အမှုတွဲများကို တည်ဆောက်နိုင်မည့် နည်းလမ်းဖြင့် အကန့်အသတ်ရှိသော ရင်းမြစ်များကို သုံးစွဲရန်ဖြစ်သည်။ ရာဇဝတ်ပြစ်မှု၏လေးနက်မှု၊ လုပ်ငန်း လုပ်ဆောင်နိုင်မှုကို

ကြည့်ပြီး မည်သည့် စုံစမ်းစစ်ဆေးမှုကို ဦးစားပေးမည်ကို သတ်မှတ်သည်။ သတ်မှတ်သည့် အချက်များတွင် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါပိုင်းဆိုင်ရာ ရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အပါအဝင် ရာဇဝတ်မှု၏ သက်ရောက်မှုအတိုင်းအတာ၊ သဘောသဘာဝ၊ ကျူးလွန်ပုံနှင့် သက်ရောက်မှု စသည်တို့ ပါဝင်သည်။ ထို့အပြင် ပြစ်မှုကျူးလွန်သူအဖြစ် စွပ်စွဲခံထားရသူ၏ ပြစ်မှုအတွက်တာဝန်ရှိမှု အတိုင်းအတာ၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု စံနှုန်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်မည့် အလားအလာ၊ တရားရုံး သို့မဟုတ် ခုံရုံးက ယင်းရာဇဝတ်မှုကို လက်ခံ တရားစွဲဆိုရန် ဖြစ်နိုင်ခြေ ရှိမရှိ စသည်တို့ ပါဝင်သည်။

7. အဆိုပါဗျူဟာက သတင်းအချက်အလက် ဇာစ်မြစ်နှင့် သတင်းအချက်အလက် ပေးကမ်းရန် အလားအလာရှိသူများကို သတ်မှတ်ရှာဖွေရန်နှင့် လူပုဂ္ဂိုလ်၏ ရာဇဝတ်ဆိုင်ရာ တာဝန်ရှိမှုကို ပြသရန် လိုအပ်သည့် သတင်းအချက်အလက်နှင့် အထောက်အထားများ ပြုစုစုဆောင်းခြင်းကို ဦးတည်ချက်ထားလုပ်ဆောင်ရာ၌ အထောက်အကူ ပြုပါသည်။ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင်ထံမှ လက်ခံရရှိသည့် သတင်းအကြောင်းအရာများအား စိစစ်မှုအပေါ် အခြေခံ၍ ယန္တရားသည် သီးခြား ဖြစ်ရပ်များနှင့် အခြေအနေများကို ဦးစားပေးမှုများအဖြစ် ရွေးချယ်ခဲ့ပြီး ဖြစ်ပါသည်။

8. လိင်ပိုင်းဆိုင်ရာ၊ ဂျင်ဒါပိုင်းဆိုင်ရာနှင့် ပတ်သက်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများသည် ယန္တရား၏ ဦးစားပေးကိစ္စ တစ်ရပ်ဖြစ်ပါသည်။ ဤရာဇဝတ်မှုများမှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ၏ အဆိုးဝါးဆုံး ရာဇဝတ်မှုများဖြစ်ကြပြီး ပစ်မှတ်ထားလုပ်ကိုင်မည့် ကမ်းလှမ်းဆက်သွယ်မှုနှင့် ဖောက်ချလုပ်ကိုင်ပေးမည့် ကျွမ်းကျင်မှု လိုအပ်ပါသည်။ ယန္တရား၏ စုံစမ်းစစ်ဆေးရေး နည်းဗျူဟာဖြင့် ဤရာဇဝတ်မှုများကို အစကတည်းက အထူးအာရုံစိုက်မည့်အပြင် ယင်းတို့ကို စုံစမ်းစစ်ဆေးမှု အားလုံးအောက်တွင် တပေါင်းတစည်းတည်း သွတ်သွင်းပြီး ၎င်းတို့၏ ပြစ်မှု မြောက်မှုအတိုင်းအတာ၊ ပြင်းထန်မှုအတိုင်းအဆနှင့် သက်ရောက်မှုတို့ကို ရိုဟင်ဂျာ ပဋိပက္ခနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် လူမျိုးစု တိုက်ပွဲများကဲ့သို့ ဖြစ်ရပ်များနှင့် အလားတူ ဆက်လက် စုံစမ်းစစ်ဆေးသွားမည်။

9. ကမ္ဘာအနှံ့ ဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကြီးကြောင့် စုံစမ်းစစ်ဆေးရေးဗျူဟာ အကောင်အထည်ဖော် လုပ်ဆောင်ရေးပေါ် သက်ရောက်မှုများရှိခဲ့သည်။ အထူးသဖြင့် အလားအလာရှိသော သတင်းအချက်အလက်ပေးကမ်းသူများနှင့် မျက်မြင်သက်သေများ နေထိုင်ရာ နေရာများသို့ သွားလာရန် အခက်အခဲနှင့် ကြုံတွေ့နေရသည်။ ဤအတွက်ကြောင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းစဉ်၏ အရေးကြီးသောအပိုင်းသည် အကန့်အသတ်များနှင့် ကြုံခဲ့ရသည်။ သာဓကအားဖြင့် ယန္တရား၏ လက်ဝယ်တွင်ရှိနေသည့် သတင်း အချက်အလက်များနှင့် အထောက်အထားများအား အတည်ပြုခြင်းနှင့် လူချင်းတွေ့ဆုံပြီး အချက်အလက် ပြုစုစုဆောင်းခြင်းနှင့် ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်သည့် ရာဇဝတ်မှုများ ကျူးလွန်ခြင်းနှင့်စပ်လျဉ်းပြီး တိုက်ရိုက် ကြုံတွေ့ကောင်း ကြုံတွေ့နိုင်သည့် သက်သေများအား တွေ့ဆုံမေးမြန်းခြင်းတို့လုပ်ဆောင်ရန် အကန့်အသတ်ရှိနေသည်။ အခြေအနေပေးသည့်ကိစ္စများ၌ ယန္တရားသည် လုံခြုံသော အီလက်ထရောနစ်စနစ်များမှတစ်ဆင့် ဆက်သွယ်နိုင်သည့် အလားအလာရှိသည့် သတင်းပင်မရင်းမြစ်များ ဖော်ထုတ်မှု၊ အွန်လိုင်း

မီဒီယာသတင်းရရာရင်းမြစ်မှတစ်ဆင့် သတင်းအချက်အလက်နှင့် အထောက်အထားများကို စုဆောင်းခြင်းနှင့် ပေါင်းစည်းခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း၊ နှင့် အနာဂတ် လူပုဂ္ဂိုလ်ချင်း လူတွေ့အင်တာဗျူးများအတွက် သက်သေအလားအလာများကို ဖော်ထုတ်ခြင်းအပေါ် ဆက်လက်၍ အသားပေးခဲ့သည်။

10. ဤအချက်နှင့် စပ်လျဉ်း၍ ယန္တရားသည် သတင်းအချက်အလက် အထောက်အထား ပေးပို့မည့်သူများအတွက်ရော ယန္တရား၏ ဝန်ထမ်းများအတွက်ပါ ဘေးကင်းပြီး လုံခြုံသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန်နှင့် အရေးကြီးသည့် သတင်းအချက်အလက်တိုင်း မပေါက်ကြားဖို့ရာ ကြိုးပမ်းသွားမည်ဖြစ်သည်။ နောင်အနာဂတ်၌ လူချင်းတွေ့ဆုံ မေးမြန်းရန်အတွက် အလားအလာရှိသော သက်သေများကို ရှာဖွေဆက်သွယ်ရာ၌ ယန္တရားသည် သက်သေထွက်ဆိုချက်၏ ဆီလျော်မှု အလားအလာ၊ သက်သေအထောက်အထားပေးမည့် ပုဂ္ဂိုလ်၏ ဘေးကင်းရေးနှင့် လုံခြုံရေး၊ အဆိုပါပုဂ္ဂိုလ် စိတ်ဒဏ်ရာရစေမည့် အန္တရာယ်ကဲ့သို့သော အကြောင်းခံများကို ထည့်သွင်းစဉ်းစားရင်း မည်သည့်ပုဂ္ဂိုလ်ကို ဆက်သွယ် သင့်မသင့်ကို တစ်ဦးချင်းစီ ဂရုတစိုက် စိစစ်သွားမည်။

11. သို့သော်လည်း သက်သေ ထွက်ဆိုချက်များ၏ မူခင်းဆိုင်ရာ တန်ဖိုးနှင့် စပ်လျဉ်း၍ လူတွေ့မေးမြန်းသည့်နည်းကို မည်သည့်အရာနှင့်မှ အစားထိုး၍ မရနိုင်ပါ။ တော့တော့ဆိုင်ဆိုင် တွေ့ဆုံ စကားပြောပြီး သက်သေထွက်ဆိုချက် ရယူခြင်းကသာ စိတ်အချရဆုံး နည်းလမ်းဖြစ်ပါသည်။ ဤသို့ဖြင့် လူတွေ့မေးမြန်းသူနှင့် သက်သေတို့ကြား ယုံကြည်မှု တည်ဆောက်နိုင်သည့်အပြင် ပြင်ပ၏ တစ်နည်းနည်း ခြိမ်းခြောက်မှုအောက် သို့မဟုတ် လွှမ်းမိုးမှုအောက်သို့ သက်သေအနေဖြင့် ရောက်ရှိမနေကြောင်း ထင်ရှားစေပါသည်။ လူပုဂ္ဂိုလ်ချင်း-လူတွေ့အင်တာဗျူးများသည် လုပ်ငန်းစဉ်၏ လျှို့ဝှက်မှုကိုလည်း အာမခံချက်ရှိစေပါသည်။ ဤသို့ဖြင့် သက်သေများတွင် ရှိကောင်းရှိနိုင်သည့် ဘေးကင်းရေး၊ လုံခြုံရေးနှင့်ပတ်သက်သည့် စိုးရိမ်မှုကို ယန္တရား၏ ဝန်ထမ်းများက တစုံတရာ ဖြေရှင်းပေးရန် အပြင် ပေးအပ်သည့် သတင်းအချက်အလက်များကို မည်ကဲ့သို့ အသုံးပြုမည့်အကြောင်း သက်သေများအား ရှင်းပြဖို့ရာလည်း အခွင့်အလမ်း ရရှိစေပါသည်။ လက်မှတ်ရေးထိုးထားသည့် သက်သေထွက်ဆိုချက် ရရှိသည့် လူပုဂ္ဂိုလ်ချင်း-လူတွေ့အင်တာဗျူးများသည် သတင်းအချက်အလက် အသုံးဝင်မှုနှင့် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများတွင် ၎င်း၏ အကျယ်ပြန့်ဆုံး သက်သေခံဝင်မှုတို့ကို သေချာစေရန် လက်ရှိအချိန်အထိ အကောင်းဆုံး နည်းလမ်း ဖြစ်သည်။

**သတင်းအချက်အလက် ပေးကမ်းမည့်သူများကို ရှာဖွေခြင်း**

12. ယန္တရားသည် ဆီလျော်မှုအရှိဆုံး သတင်းအချက်အလက်များနှင့် ယန္တရား၏ လုပ်ပိုင်ခွင့်ကို ရှေ့ဆက် တိုးမြှင့်ဆောင်ရွက်နိုင်စွမ်း ရှိစေမည့် သတင်းအချက်အလက်များ ရယူရေးကို ရည်ရွယ်ပြီး နိုင်ငံတွင်း အာဏာပိုင်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများ၊ ကော်ပိုရေးရှင်း အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများအပါအဝင် ကဏ္ဍပေါင်းစုံမှ သတင်းအချက်အလက်များနှင့် အထောက်အထား ပေးကမ်းသူ အမျိုးမျိုးနှင့် ဆက်လက် ဆက်သွယ်ဆောင်ရွက်နေပါသည်။ ကမ္ဘာအနှံ့ ဖြစ်ပွားနေသည့် ကပ်ဘေးကြီးကို

ထောက်ချင့်ပြီး ဆက်သွယ်ဆောင်ရွက်မှု အများစုကို အဝေးမှနေ၍ လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်သည့် နည်းလမ်းများမှတစ်ဆင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်ခဲ့ပါသည်။

13. ယန္တရားသည် လုပ်ငန်းစတင်ခဲ့ချိန်ကစ၍ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ် အမျိုးမျိုးထံသို့ သတင်းအချက်အလက်ရယူရန် အကြိမ်ပေါင်း ဒါဇင်ပေါင်းများစွာ တရားဝင်တောင်းခံမှု ပြုလုပ်ခဲ့သည်။ ဤသို့ တောင်းခံခဲ့သူများထဲတွင် အများစုက ယန္တရားသို့ သတင်းအချက်အလက်များကို ပေးပို့ခဲ့ပြီး သို့မဟုတ် ပေးပို့ရန်အတွက် လက်ရှိ၌ ဆွေးနွေးနေလျက်ရှိသည်။ ထို့အပြင် ယန္တရားသည် မြန်မာအာဏာပိုင်များ အပါအဝင် ယန္တရား၏ လုပ်ပိုင်ခွင့်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ လက်ဝယ်ရှိကောင်း ရှိနေနိုင်သည့် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို စတင်ရန်လည်း ဆက်လက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ဖြစ်နိုင်လျှင် ယန္တရာသည် အောက်တွင် ဖော်ပြထားသည့်အတိုင်း ပေးအပ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်စေနိုင်ရန် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး အစီအမံများအတွက် ညှိနှိုင်းလုပ်ဆောင်သွားမည်။

## မြန်မာနိုင်ငံရှိ ဖြစ်ပေါ်ပြောင်းလဲမှုများကို စောင့်ကြပ်ကြည့်ရှုခြင်း

14. ယန္တရား၏ ဆက်လက် ရရှိထားသော လုပ်ပိုင်ခွင့်နှင့်အညီ လက်ရှိ မြန်မာနိုင်ငံတွင် ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်သည့် ပြစ်မှုမြောက်နိုင်သည့် ဖြစ်ပေါ်ပြောင်းလဲမှုများကို တစ်ပြိုက်နက်တည်း စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

15. ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင်း ရာဇဝတ်မှု ကျူးလွန်မှုအဖြစ် စွပ်စွဲထားသည့် လုပ်ရပ်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပေးပို့ရန် ကြိုးပမ်းနေသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများထံမှ ယန္တရားသို့ ဆက်သွယ်မှုများ တဟုန်ထိုး တိုးမြင့်လာခဲ့သည်။ ၎င်းတို့၏ ပေးပို့ချက်များမှ ယန္တရားသည် ဗွီဒီယိုများ၊ ဓါတ်ပုံများနှင့် စာရွက်စာတမ်းများအပါအဝင် သတင်းအချက်အလက် အမျိုးပေါင်း နှစ်သိန်းတစ်သောင်း (၂၁၀ ၀၀၀) ကျော် လက်ခံရရှိပြီး စုဆောင်းထားခဲ့သည်။ ဤမျှ မကြုံစဖူး များပြားသည့် သတင်းအချက်အလက်များကို ကိုင်တွယ်ရာ၌ ယန္တရားသည် ၎င်း၏ အရေးပါသည့် ရင်းမြစ်များကို အခြေအနေသစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ယာယီ လုပ်ဆောင်နိုင်ခဲ့သော်လည်း နောက်ထပ် ရင်းမြစ်များနှင့် အလုပ်အကိုင်သစ်များ လိုအပ်သည်ကို ပြသနေသည်။ အထူးသဖြင့် အွန်လိုင်းမီဒီယာ ရင်းမြစ်များမှ စုဆောင်းရရှိခဲ့သည့် သတင်းအချက်အလက်များနှင့် အထောက်အထားများကို ပြုစုစုဆောင်းရေးနှင့် စိစစ်သုံးသပ်ရေးအပိုင်းတွင် လိုအပ်နေပါသည်။

## အွန်လိုင်းမီဒီယာမှတဆင့် သတင်းစုံစမ်းရေးများကို တိုးမြှင့်ဆောင်ရွက်ခြင်း

16. မြန်မာနိုင်ငံတွင် လတ်တလော ဖြစ်ပွားခဲ့သော အခင်းဖြစ်ရပ်များနှင့် အရင့်အရင်က ဖြစ်ပွားခဲ့သော ဖြစ်ရပ်များတွင် ကြီးလေးသော အပြည်အပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ ချိုးဖောက်မှုများ ရှိမရှိ ဆန်းစစ်ရန်အတွက် အင်တာနက် သို့မဟုတ် လူမှုရေးကွန်ရက်များမှ မည်သူမဆို အလွယ်တကူ ရရှိနိုင်သည့် ဗွီဒီယိုများ၊ ဓါတ်ပုံများနှင့် ဂြိုလ်တုပုံရိပ်ကဲ့သို့သော အွန်လိုင်းမီဒီယာများမှ ရရှိသော အချက်အလက်များကို ပြုစုစုဆောင်းရန်နှင့် စိစစ်သုံးသပ်ရန် လိုအပ်လျက်ရှိသည်။ မြန်မာ အာဏာပိုင်များက

ယန္တရားအား မြန်မာနိုင်ငံတွင်း ဝင်ရောက်ခွင့်ကို တစိုက်မတ်မတ် ငြင်းပယ်ခဲ့ခြင်းကြောင့် ရာဇဝတ်မှုများ ကျူးလွန်ရာနေရာဖြစ်သည့် နိုင်ငံတွင်း နေရာများ၌ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် အဟန့်အတား ဖြစ်နေသည့်အတွက် အွန်လိုင်းမီဒီယာ သတင်းအချက်အလက်များမှာ ယန္တရားအတွက် အထူးသဖြင့် အဖိုးတန်ပါသည်။

17. အွန်လိုင်းမီဒီယာမှ သတင်းအချက်အလက်များ ရရှိမှုမှာ စုံလင်များပြားပြီး အထူးသဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် ဆက်လက်ပြီး အများအပြား ရရှိနေသဖြင့် ယန္တရားအနေဖြင့် အွန်လိုင်းမီဒီယာ သတင်းအချက်အလက်စုံစမ်းရေးများကို လုပ်ဆောင်ရန် ၎င်း၏ စွမ်းရည်ကို ပိုမိုတိုးမြှင့်စေရန်အတွက် လက်ရှိဘတ်ဂျက်ပြင်ပရှိ ငွေကြေးရင်းမြစ်များကို ရယူသုံးစွဲလျက် ရှိပါသည်။ အွန်လိုင်းမီဒီယာဆိုင်ရာ သတင်းအချက်အလက်စုံစမ်းမှု အပိုင်း၌ အထူးပြုသော စွမ်းဆောင်နိုင်စွမ်းက သတင်းအချက်အလက်များကို ကျွမ်းကျင်မှု၊ ပြီးပြည့်စုံမှုနှင့် တိကျမှုဖြင့် ပြုစုစုဆောင်းရန်နှင့် စိစစ်သုံးသပ်ရန်အတွက် ခေတ်အမီဆုံး နည်းပညာများကို အသုံးချစေရန် လုပ်ကိုင်နိုင်စေသည့်အပြင် စုံစမ်းစစ်ဆေးရေးဆိုင်ရာ နည်းများကို စနစ်တကျ မှတ်တမ်းတင်ရန်နှင့် သက်သေအထောက်အထားကို အပြည်ပြည်ဆိုင်ရာ အကောင်းဆုံး လုပ်ကိုင်ပုံများနှင့်အညီ ထိန်းသိမ်းစေနိုင်ပါလိမ့်မည်။ ဤနည်းအားဖြင့် အွန်လိုင်းမီဒီယာ အချက်အလက်စုံစမ်းစစ်ဆေးရေးဆိုင်ရာ နယ်ပယ်ရှိ အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ဥပဒေတွင် ပါရှိသည့် အဆန်းသစ်ဆုံးနှင့် လက်ဦးတီထွင်မှုအကျဆုံး ခေတ်မှီ နည်းစနစ်များ ယန္တရားတွင် ရှိနေမည် ဖြစ်ပါသည်။

**အီလက်ထရောနစ်စနစ်အရ သိုလှောင်ထားသည့် သတင်းအချက်အလက် စီမံခန့်ခွဲရေး စနစ်များနှင့် ဆိုင်ဗာလုံခြုံရေး**

18. ယန္တရား၏ လုပ်ငန်းစီမံရေး၌ တိုးမြင့်လာနေသည့် သတင်းအချက်အလက်များနှင့် သက်သေအထောက်အထား စီမံရေးလုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့စွာလုပ်ကိုင်နိုင်ရန် ယန္တရားသည် မိမိ၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဒီဂျစ်တယ်ပိုင်းဆိုင်ရာ သိုလှောင်သိမ်းဆည်းရေး စွမ်းရည်ကို တိုးချဲ့ပေးရန်နှင့် နောက်ဆုံးပေါ်ခေတ်မှီ အီလက်ထရောနစ်စနစ်အရ သိုလှောင်သိမ်းဆည်းသည့် စီမံခန့်ခွဲရေးစနစ် တစ်ရပ်ကို တည်ဆောက်ရန်အတွက် ခိုင်မာတောင့်တင်းသည့် အဆင့်ဆင့်အချက်များကို ကုလသမဂ္ဂ စံနှုန်းများနှင့် အီလက်ထရောနစ် လုပ်ငန်းကဏ္ဍအတွင်းမှ အကောင်းဆုံး လုပ်ကိုင်ပုံများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ အဆိုပါ စနစ်သည် သတင်းအချက်အလက် ကောက်ခံစုဆောင်းသည့်အချိန်မှ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးသပ်ခြင်း၊ ဆန်းစစ်စိတ်ဖြာခြင်းနှင့် တတိယပုဂ္ဂိုလ်များသို့ အနာဂတ်၌ ဝေမျှဖလှယ်ပေးရေးအတွက် ပြင်ဆင်ခြင်းအထိ ယန္တရား၏ လက်ဝယ်ရရှိထားသည့် သတင်းအချက်အလက်များနှင့် အထောက်အထား စီမံရေးလုပ်ငန်းစဉ်၏ ကွင်းဆက်တစ်ခုလုံးကို ချုပ်ကိုင်ထားပါသည်။ ဤစနစ်တွင် ယန္တရားမှ တောင်းခံပြီး ကောက်ယူစုဆောင်းမည့်နှင့်/သို့မဟုတ် တတိယ ပုဂ္ဂိုလ်များနှင့် ဝေမျှဖလှယ်မည့် အားလုံးသော သတင်းအချက်အလက်များကို လိုက်လံရှာဖွေခြင်းအား လွယ်ကူချောမွေ့စေအောင်လုပ်ပေးမည့် အလားအလာရှိသော အထောက်အထား၊ အရာပစ္စည်းများနှင့် သတင်းအချက်အလက် ပေးကမ်းသူများကို စီမံခန့်ခွဲရန် သန့်မြန်သောစနစ်တစ်ရပ် ပါဝင်သည်။ ယန္တရားသည် ဒီဂျစ်တယ် အထူးပြု ဗွီဒီယိုရိုက်ကူးချက်များ၊ မိခင်ဘာသာစကားဖြင့် ပြောကြားထားသော အထောက်အထားများကို စီမံဆောင်ရွက်မှုတွင် လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်ရန်

ဆန်းစစ်ရေးဆိုင်ရာ နည်းကိရိယာများနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ အသုံးချခြင်းတို့ အပါအဝင် အထောက်အထား စီမံရေးလုပ်ငန်းစဉ်နှင့် ရယူနိုင်စွမ်းကိုလည်း တိုးတက်အောင်လုပ်ခဲ့သည်။ အဆိုပါ နည်းကိရိယာများသည် အွန်လိုင်းမီဒီယာ ပစ္စည်းများအပါအဝင် စာရွက်စာတမ်းများ၊ ဗွီဒီယိုများ၊ ဒီဂျစ်တဲလ် ပုံရိပ်များနှင့် အသံဖိုင်တို့ကဲ့သို့ ပိုမိုရှုပ်ထွေးသော အချက်အလက်နှင့် အထောက်အထား ပုံစံများကို ကိုင်တွယ်ရန်အတွက် ယန္တရား၏ စွမ်းဆောင်ရည်ကို ပိုမိုတိုးမြှင့်ပေးမည် ဖြစ်သည်။

19. ယန္တရားသည် မိမိ၏ အချက်အလက် သိုလှောင်သိမ်းဆည်းရေးစနစ်၊ စက်ကိရိယာနှင့် နည်းကိရိယာများအား အကာအကွယ်ပေးရေးကို ဦးစားပေးကိစ္စအဖြစ် လုပ်ဆောင်ခဲ့သည်။ ဤသို့ လုပ်ဆောင်ခြင်းဖြင့် ယန္တရား၏ ဝန်ထမ်းများ၊ အထူးသဖြင့် ယန္တရားနှင့် ဆက်သွယ်ဆောင်ရွက်သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကိုလည်း အပြန်အလှန် အကာအကွယ်ပေးပါသည်။ ယန္တရားသည် လိုအပ်သည့် သတင်းအချက်အလက် လုံခြုံရေးနှင့် ဆိုင်ဗာလုံခြုံရေး၊ သက်သေအထောက်အထားနှင့် လိုအပ်သည့် သိမ်းဆည်းထားမှု ကွင်းဆက်များ သမာသမတ် ရှိစေရန် စနစ်အတွင်း လုပ်ကိုင်ပုံနည်းလမ်းများနှင့် လုပ်ငန်းဖြစ်စဉ်များကို ဖော်ဆောင် သွတ်သွင်းခဲ့သည်။ ယန္တရား၏ ဆိုင်ဗာလုံခြုံရေး လုပ်ငန်းဘောင်သည် ခြိမ်းခြောက်မှုအသစ်များနှင့် သိရှိကြုံတွေ့ရသည့်အလျောက် ဆက်လက် လိုက်လျောညီထွေ ဆန်းသစ်နေမည်ဖြစ်ပြီး၊ တုံ့ပြန်ရေးနည်းလမ်းများနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို တပါတည်း ပေါင်းစပ်ထားပါသည်။ ဤနည်းဖြင့် အားလုံး သိရှိထားပြီးဖြစ်သည့် ဆိုင်ဗာလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို လျင်မြန်စွာ တုံ့ပြန် လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ပုံမှန် လေ့ကျင့်သင်တန်းပို့ချခြင်းနှင့် ရုံးတွင်း အကြောင်းကြားစာထုတ်ဝေခြင်းတို့ဖြင့် ယန္တရားသည် မိမိ၏ အလုပ်ကို ဆိုင်ဗာလုံခြုံရေးနှင့် ကာကွယ်ပေးရေးဆိုင်ရာ အစီအမံများ၌ နောက်ဆုံးပေါ် ဖြစ်ပျက်ပြောင်းလဲမှုများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေလျက်ရှိပါသည်။

20. ဤနည်းပညာနှင့် ဆိုင်ဗာလုံခြုံရေး စွမ်းဆောင်ရည်များကို အစဦးကတည်းက တည်ဆောက်ခဲ့သည့်အတွက် ကမ္ဘာအနှံ့ ဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကြီးအတွင်း အနှောင့်အယှက် အနည်းငယ်သာ ကြုံခဲ့ရပြီး မိမိ၏ လုပ်ငန်းများကို လုံခြုံစိတ်ချမှုရှိရှိဖြင့် ဆက်လက် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ဤကြိုးပမ်းမှုများကြောင့် သက်ဆိုင်သည့် သက်သေခံ အထောက်အထားများကို နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများက တောင်းခံလာသည့်အခါ ယန္တရားအနေဖြင့် ထိထိရောက်ရောက် ဝေမျှ ဖလှယ်ပေးနိုင်စွမ်း ရှိလာခဲ့သည်။

**ရှေ့ရေးမျှော်မှန်းချက်**

21. ကိုဗစ်-၁၉ ကြောင့် မသေချာမရေရာမှုများ ဆက်ရှိနေသော်လည်း ခရီးသွား ကန့်သတ်ချက်များ တဖြည်းဖြည်း လျှော့ကျလာသည့်အခါ ကိုဗစ်ကပ်ဘေးကြောင့် ခေတ္တဆိုင်းငံ့ခဲ့ရသည့် သတင်းအချက်အလက်နှင့် အထောက်အထားကို လူချင်းတွေ့၍ ပြုစုစုဆောင်းခြင်းနှင့် အတည်ပြုခြင်း အပါအဝင် မဆောင်ရွက်မဖြစ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြန်လည်လုပ်နိုင်လိမ့်မည်ဟု ယန္တရားအနေဖြင့် မျှော်လင့်ထားပါသည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်မှု အစီအမံများ ညှိနှိုင်းရေးကို လွယ်ကူချောမွေ့စွာ လုပ်ကိုင်နိုင်စေရန်၊ ယန္တရား၏ ကမ်းလှမ်းဆက်သွယ်ရေး ကြိုးပမ်းမှုများကို တိုးမြှင့်ဆောင်ရွက်ရေး လုပ်ဆောင်နိုင်ရန် အဆင့်မြင့် ဆက်သွယ်ဆောင်ရွက်ရေး မစ်ရှင်များလည်း စေလွှတ်နိုင်မည်ဟု

မျှော်လင့်ထားပါသည်။ ဤသို့စေလွှတ်သည့်အခါ ယန္တရားအနေဖြင့် လုံခြုံရေးဆိုင်ရာ စဉ်းစားချက်များကို မစ်ရှင်၏ ရှုထောင့်အားလုံး၌ မထည့်သွင်းမဖြစ် ထည့်သွင်းထားမည် ဖြစ်ပါသည်။

22. အခြား အထူးပြု စုံစမ်းစစ်ဆေးရေးဆိုင်ရာ လုပ်ဆောင်မှုများကို လုပ်ဆောင်ဖို့ရာ ယန္တရားသည် ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်သုံးသပ်ခြင်းများကို ကျယ်ပြန့်သည့် စုံစမ်းစစ်ဆေးရေး၏ အစိတ်အပိုင်းအဖြစ် ၎င်း၏ လုပ်ပိုင်ခွင့်အတွင်း ထည့်သွင်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အဆိုပါ ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များသည် ပြစ်မှုကျူးလွန်သူများ၊ ပြစ်မှုမကင်းသော ရည်ရွယ်ချက်များနှင့် တာဝန်ခံမှု နည်းလမ်းများကို ရှာဖွေဖော်ထုတ်ခြင်းလုပ်ရာ၌နှင့်တကွ တရားစီရင်ရေးဆိုင်ရာ အသွင်အပြင် လက္ခဏာများကို သတ်မှတ်ခြင်းများ အပါအဝင် ယန္တရား၏ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးများကို နည်းလမ်းပေါင်းစုံဖြင့် ထောက်ကူဖြည့်ဆည်းပေးမည်ဟု မျှော်လင့်ပါသည်။

## B. သတင်းအချက်အလက်များကို စိစစ်သုံးသပ်ခြင်းနှင့် ဝေမျှပေးကမ်းခြင်း

23. ယန္တရား၏ လက်ရှိလုပ်ငန်းသည် အစောပိုင်းအဆင့်တွင်သာ ရှိသေးသော်လည်း ၎င်း၏ ပိုင်းခြားစိတ်ဖြာသော လုပ်ငန်းအပိုင်းသည် တနေ့တခြား များပြားလာနေသော သတင်းအချက်အလက်နှင့် အထောက်အထားများ ပြုစုစုဆောင်းရေးလုပ်ငန်းနှင့် အလျင်မီအောင် အထူးကြိုးပမ်းခဲ့ပါသည်။ ယန္တရားသည် ရင်းမြစ်မျိုးစုံမှ ရယူခဲ့သည့် အထောက်အထားများကို စနစ်တကျ ပြုစုထားပြီး နေရာဒေသ အမျိုးမျိုးမှ အဖြစ်အပျက်များတင်မက သီးခြား ဖြစ်ရပ်များကိုပါ ဆန်းစစ်သုံးသပ်ပါသည်။ သေချာ ကျန ရေပက်မဝင်သည့် စိစစ်မှုမှတစ်ဆင့် ယန္တရားသည် မည်သည့်ဖြစ်ရပ်ကို သက်သေထင်ရှားပြနိုင်မနိုင်၊ ဤဖြစ်ရပ်များသည် ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်သည့် ရာဇဝတ်မှုများ၏ အသွင်လက္ခဏာများနှင့် ကိုက်ညီမညီ၊ ရာဇဝတ်မှု ကျူးလွန်သူများ၏ ရာဇဝတ်ဆိုင်ရာ တာဝန်ရှိမှုကို ထူထောင်နိုင်မနိုင် ဆုံးဖြတ်ရန် ဆုံးဖြတ်ပါသည်။ ယင်းဖြစ်ရပ်များတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်း ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များနှင့် လူပုဂ္ဂိုလ်များ/အဖွဲ့အစည်းများအပြင် ရိုဟင်ဂျာ ပဋိပက္ခနှင့် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဖြစ်ပျက်နေဆဲ တိုင်းရင်းလူမျိုး ပဋိပက္ခများနှင့် စပ်လျဉ်းသည့် အခြေအနေများ ပါဝင်သည်။

### ဆန်းစစ်ပိုင်းခြားသည့် နည်းလမ်းများ ထူထောင်ခြင်းနှင့် သတင်းအစုအစည်းများ ဝေမျှဖလှယ်ခြင်း

24. ယန္တရားသည် ၎င်း၏ ပိုင်းခြားစိတ်ဖြာသောလုပ်ငန်းကို အခြေခံ၍ ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်နိုင်မည့်၊ သို့မဟုတ် ပြစ်ဒဏ်ချမှတ်နိုင်စွမ်းရှိသည့် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးများ၌ အသုံးပြုရန်အတွက် ဝေမျှဖလှယ်နိုင်သည့် သတင်းအချက်အလက်များနှင့် သက်သေအထောက်အထားများ များနိုင်သမျှ များများရအောင် မြှင့်တင်လုပ်ဆောင်ခဲ့ပါသည်။ ၎င်း၏ စုံစစ်ဆေးရေး နည်းဗျူဟာနှင့်အညီ မြန်မာနိုင်ငံတွင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် ကျူးလွန်သူများနှင့် အကြုံးဝင်သည့် ၎င်း၏ ဆန်းစစ်ပိုင်းခြားသည့် စွမ်းဆောင်ရည်များနှင့် နည်းလမ်းများကို လေ့လာဆန်းစစ်လျက်ရှိပြီး

ဆက်လက် တည်ဆောက်လျက်ရှိသည်။ ဤလုပ်ငန်းဖြစ်စဉ်မှတစ်ဆင့် ယန္တရားက ဆုံးဖြတ်ခဲ့သည်မှာ သတင်းအချက်အလက်များမှာ သီးသီးခြားခြား အခြေအနေများ၊ ဖြစ်ရပ် သို့မဟုတ် လူပုဂ္ဂိုလ်/အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ဆီလျော်သော အမှုတွဲများ အဖြစ်သို့ ကောင်းမွန်စွာ စီမံ၊ စုစည်းနေရန် လိုအပ်ပြီး သတင်းအချက်အလက်များမှာ စုံစမ်းစစ်ဆေးရေးဆိုင်ရာ၊ တရားစွဲဆိုရေးဆိုင်ရာ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များအတွက် ဖြစ်နိုင်သမျှ အကောင်းဆုံး အတိုင်းအတာအထိ သက်ဆိုင်မည်ဖြစ်ပြီး အသုံးဝင်မည်ဖြစ်ကြောင်း သေချာစေရန် ရှင်းရှင်းလင်း စမ်းစစ်ခြင်းအားဖြင့် စုစည်းထားရန် လိုအပ်ပါသည်။ အမှုတွဲ တစ်ခုချင်းမှာ သီးသီးခြားခြားဖြစ်ပြီး စီမံခန့်ခွဲနိုင်သည့် အရွယ်အစားဖြစ်ကြောင်း သေချာစေရန် သက်ဆိုင်သည့် ပြစ်မှုဆိုင်ရာ သို့မဟုတ် ဥပဒေဆိုင်ရာ အမှုအခင်းများအတွက် အဖွဲ့အစည်းများ၏ တောင်းခံချက်များနှင့်ကိုက်ညီစေရန် ထောက်ခံသည့် သတင်းအချက်အလက်များနှင့် စမ်းစစ်ချက်ဖြင့် အတွဲလိုက်စုစည်းမှုများကို ယန္တရားသည် ထုတ်လုပ် ပေးနေလျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ယန္တရားသည် ဝေမျှဖလှယ်ခြင်း အလားအလာအတွက် ရရှိနိုင်စေရန် သက်သေအထောက်အထားနှင့် စမ်းစစ်ချက်များ၏ အတွဲလိုက်စုစည်းမှု ၁၁ ခုကို ပြင်ဆင်ထားပြီးဖြစ်ပါသည်။

25. ထို့ပြင် ယန္တရားသည် မိမိ၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်သည့် ရာဇဝတ်မှုများ၏ အသွင်လက္ခဏာများ၊ ဖွဲ့စည်းမှုများနှင့် အဆင်အယင်များ၏ အဖြတ်အတောက်များကို ဖြေရှင်းပေးရန်အတွက် စမ်းစစ်ပိုင်းခြားမည့် နည်းကိရိယာများနှင့် ပစ္စည်းပစ္စရများကို ထုထောင်နေလျက် ရှိပါသည်။ ဤနည်းကိရိယာများကို ယန္တရားအနေဖြင့် ဝေမျှဖလှယ်ရေးအလားအလာအတွက် ကြိုတင်ပြင်ဆင် ပေးနေသည့် အမှုတွဲမျိုးစုံတွင် အသုံးပြုရန်နှင့် သက်ဆိုင်စေရန် ပုံဖော်နေခြင်းဖြစ်ပါသည်။

26. ထို့ပြင် ယန္တရားသည် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၄၃/၂၆ တွင် တောင်းဆိုခဲ့သည့်အတိုင်း အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးတို့နှင့် အချိန်နှင့်တစ်ပြေးညီ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ *The Gambia v. Myanmar* အမှုတွင် မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှု မဖြစ်အောင် ကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်မှ ၎င်း၏ တာဝန်ဝတ္တရားများကို ဖောက်ဖျက်နေသည်ဆိုသော ဂန်ဘီးယားနိုင်ငံ၏ တိုင်ကြားချက်ကို အပြည်ပြည်ဆိုင်ရာ တရားရုံးက လောလောဆယ် လက်ခံစဉ်းစားလျက် ရှိသည်။ ယန္တရားသည် အဆိုပါ အမှုအခင်းတွင် အမှုသည်များနှင့် သက်ဆိုင်သည့် အကြောင်းအရာပစ္စည်းများကို ဆက်လက်၍ ဝေမျှဖလှယ်ပေးပါသည်။ ယင်းသို့ ဖလှယ်ရာတွင် သတင်းအချက်အလက် ပေးပို့သူများ၏ သဘောတူညီချက်ကို ရရှိပြီး ၎င်းတို့၏ လုံခြုံရေး သို့မဟုတ် ကိုယ်ရေးကိုယ်တာ အခွင့်အရေးများအား ထိခိုက်မည် မဟုတ်ကြောင်း စိတ်ချရသောအခါမှ ဝေမျှဖလှယ်ပေးခြင်းဖြစ်သည်။

**စစ်တပ်မှ စစ်အာဏာသိမ်းပြီးကတည်းကစ၍ မြန်မာနိုင်ငံရှိ အခင်းဖြစ်ရပ်များအပေါ် စမ်းစစ်မှု**

27. အထက်တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ်မှစ၍ ကျူးလွန်သည့် အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများသည် ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်းတွင် အကျုံးဝင်ပါသည်။ အချိန်ကာလ အတိုင်းအတာအရမူ လုပ်ပိုင်ခွင့် ဆက်လက်ရရှိထားသောကြောင့် အထောက်အထား

ပြစ်စုဆောင်းရန် လုပ်ပိုင်ခွင့်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်အာဏာသိမ်းပြီးချိန်မှစ၍ ဖြစ်ပွားသည့် အခင်းဖြစ်ရပ်များနှင့် ဆက်လက်၍ သက်ဆိုင်ပါသည်။

28. ယန္တရားက တသမတ်တည်း ရှင်းပြခဲ့သည်မှာ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာလုပ်ငန်းစဉ်၊ တရားမျှတသော ရွေးကောက်ပွဲများနှင့်ဒီမိုကရေစီ ကိစ္စရပ်တို့သည် ၎င်း၏အကြောင်းအရာဆိုင်ရာလုပ်ပိုင်ခွင့် ဘောင်အတွင်းက အစိတ်အပိုင်းများမဟုတ်ပါ။ ယန္တရား၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များတွင် ဖော်ပြထားသည်မှာ အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများနှင့်ပတ်သက်၍ ရည်ညွှန်းရာတွင် အပြည်ပြည်ဆိုင်ရာလူ့ အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေချိုးဖောက်မှုများ ပါဝင်သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် အခြေခံဥပဒေ ချိုးဖောက်မှုများ သို့မဟုတ် မြန်မာနိုင်ငံ ဥပဒေ ချိုးဖောက်မှုများ၊ ရွေးကောက်ပွဲများ၏ ရလဒ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် တရားမျှတသော ရွေးကောက်ပွဲများ မကျင်းပနိုင်ခြင်း နှင့် မြန်မာနိုင်ငံ၏ တရားဝင် အစိုးရအဖြစ် မည်သူ့ကို အသိအမှတ်ပြုသင့်သည်ဆိုသည့် ပြဿနာများမှာ ယန္တရား၏ တရားဝင် လုပ်ပိုင်ခွင့်အာဏာအတွင်း မကျရောက်ပါ။ သို့သော် နိုင်ငံတစ်ခုအတွင်း နိုင်ငံရေး လုပ်ငန်းစဉ်ကြောင့် အငြင်းပွားမှု ကိစ္စများတွင် ကြီးမားသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားနိုင်ပါသည်။ စစ်အာဏာသိမ်းပြီးကတည်းကစ၍ ယန္တရားသည် မိမိ၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်လာမည့် ရာဇဝတ်မှုများအတွက် ပြစ်မှုမြောက်သည့် လတ်တလော အခင်းဖြစ်ရပ်များ ရှိ/မရှိ ဆုံးဖြတ်ရန် ဖြစ်ပျက်ပြောင်းလဲမှုများကို ဂရုတစိုက် လိုက်လံခြေရာခံလျက် ရှိပါသည်။

29. မြန်မာနိုင်ငံရှိ ဖြစ်ရပ်များနှင့်ပတ်သက်၍ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများထံမှ ကောက်ခံရရှိသည့် သိန်းသောင်းချီသော အချက်အလက်များကို ထိန်းသိမ်းထားခြင်းနှင့် စမ်းစစ်သုံးသပ်ခြင်းတို့ကို လုပ်သည့်အပြင် အများပြည်သူသတင်းကြေညာချက်များကိုလည်း ယန္တရားသည် အနီးကပ် စောင့်ကြည့်ခဲ့သည်။ အခင်းဖြစ်ရပ်များနှင့်ပတ်သက်၍ မျက်မြင်သက်သေ ဖြစ်ခဲ့သည့်သူများအပါအဝင် သတင်းအချက်အလက်ရှိသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို ဆက်သွယ်ခဲ့သည်။ ထို့အပြင် လက်ခံရရှိထားသည့် သတင်းအချက်အလက်များကို စမ်းစစ်ရေး၌ အထောက်အကူဖြစ်စေရန် အထူးကျွမ်းကျင်သူများနှင့် ဆွေးနွေးခဲ့ပါသည်။

30. ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်အာဏာသိမ်းပြီးကတည်းကစ၍ မြန်မာနိုင်ငံရှိ အခင်းဖြစ်ရပ်များနှင့်ပတ်သက်သည့် ကောက်ခံရရှိသော သတင်းအချက်အလက်များအရ လူသတ်မှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ ထောင်သွင်းအကျဉ်းချမှု၊ လိင်ဆိုင်ရာ အကြမ်းဖက်မှု၊ အတင်းအကျပ် အစဖျောက်ပစ်မှုနှင့် နှိပ်စက်မှု အစရှိသည့် ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်နေသည့် လူသားမျိုးနွယ်ပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ဖွယ်ရာ ရှိသည်ကို ယန္တရား၏ ပဏာမ စမ်းစစ်မှုက ညွှန်ပြနေသည်။

31. လူသားမျိုးနွယ်ပေါ် ကျူးလွန်သည့် ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ရန် လိုအပ်သည့် အချက်များမှာ အရပ်ဖက်လူထုအပေါ် နေရာအနှံ့တွင် သို့မဟုတ် စနစ်တကျ အစီအစဉ်ချ တိုက်ခိုက်မှု၏ အစိတ်အပိုင်းအဖြစ် ကျူးလွန်သည့် ပြုလုပ်မှုတစ်ခုဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုတစ်ခုမှာ စစ်ဘက်ဆိုင်ရာ တိုက်ခိုက်မှုတစ်ခုဖြစ်ရန် မလိုအပ်ပါ။ ၎င်းအစား မည်သည့် အရပ်ဖက်လူထုကိုမဆို ဆန့်ကျင်၍ ပြုလုပ်မှုမျိုးစုံ ပါဝင်နေသည့် ဆောင်ရွက်ချက်

အစဉ်တစ်ရပ်အဖြစ် အဓိပ္ပါယ်သတ်မှတ်ထားသည်၊[2] ၎င်းအပြင် တည်နေရာတစ်ခုတည်းတွင်[3] သို့မဟုတ် ကျယ်ပြန့်သော နယ်မြေတစ်လျှောက် အထမြောက်အောင် လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်သည်။[4] အရပ်ဖက်လူထုအပေါ် အကြမ်းဖက်သည့် ပြုလုပ်မှုများ[5] သို့မဟုတ် မည်သည့် ပြင်းထန်သော မတော်မတရားပြုကျင့်မှုမဆိုသည် လူသားအပေါ်ကျူးလွန်သည့် ရာဇဝတ်မှု ကျူးလွန်ခြင်း၏ ရည်ရွယ်ချက်အတွက် တိုက်ခိုက်မှု အဓိပ္ပါယ် မြောက်နိုင်သည်။[6]

32. တိုက်ခိုက်မှုမှာ “ကျယ်ကျယ်ပြန့်ပြန့်” ဖြစ်စေ သို့မဟုတ် “စနစ်တကျ အစီအဉ်ချ” ဖြစ်စေ လုပ်ဆောင်သည့် တိုက်ခိုက်မှု ဖြစ်ရမည်။ တိုက်ခိုက်မှုတစ်ခုမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်/မဖြစ် ဆုံးဖြတ်ရာ၌ တိုက်ခိုက်မှု၏ အရှိန်အဟုန်နှင့် နစ်နာသူအရေအတွက်ကို စမ်းစစ်ရန် လိုအပ်ပါသည်။ တိုက်ခိုက်မှုတစ်ခုမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်မဖြစ် အကဲဖြတ်သောအခါ သံသယဖြစ်သည့် ပြစ်မှုမကင်းသော ပြုလုပ်မှုများ၏ စုပေါင်း၍ဖြစ်ပေါ်လာသော သက်ရောက်မှုကို ကြည့်ရှုရမည်ဖြစ်သည် သို့မဟုတ် သာမန်ထက်ထူးခြား ပြင်းထန်သော ပြုလုပ်မှုတစ်ခုတည်း၏ သက်ရောက်မှုကို ကြည့်ရမည်ဖြစ်သည်။[7] ပထဝီအနေအထား နယ်ပယ်၊ အချိန်ပိုင်းဆိုင်ရာ အတိုင်းအတာ၊ နှင့် ပစ်မှတ်ထားခံရသည့်လူပုဂ္ဂိုလ်အရေအတွက်တို့သည် တိုက်ခိုက်မှုတစ်ခုမှာ “ကျယ်ကျယ်ပြန့်ပြန့်” ဖြစ်သည် ဟုတ်/မဟုတ် စဉ်းစားဆုံးဖြတ်ရာ၌ အားလုံး သက်ဆိုင်ပါသည်။[8]

33. ကောက်ခံခဲ့ပြီး ဆန်းစစ်ခဲ့သည့် ယန္တရား၏ ပဏာမ သတင်းအချက်အလက်များက ရန်ကုန်၊ နေပြည်တော်၊ ပဲခူး၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်း အပါအဝင်မြန်မာနိုင်ငံတစ်ဝန်း အရပ်သား ရာနှင့်ချီ၍ လုံခြုံရေးတပ်ဖွဲ့များ၏ လက်ချက်ဖြင့် အသတ်ခံခဲ့ရသည်ကို ပြသနေပါသည်။ စစ်တပ်အာဏာပိုင်များက အများပြည်သူသို့ထုတ်ပြန်သည့် ထုတ်ပြန်ချက်များအပါအဝင် ရရှိနိုင်သော သတင်းအချက်အလက်များက ထောင်နှင့်ချီသော လူပုဂ္ဂိုလ်များ မတရား ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသည်ကို ပြသနေပါသည်။ ယုံကြည်စိတ်ချရသော အစီရင်ခံစာများနှင့် ဗွီဒီယိုအထောက်အထားများအရ လုံခြုံရေးတပ်ဖွဲ့များသည် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုပြုလုပ်ခဲ့သည်ဟု ဆိုသည်။ လက်ရှိအချိန်အထိ ယန္တရားမှ စုဆောင်းရရှိသော သတင်းအချက်အလက်များအရ မကြာသေးမီလများအတွင်း ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များသည် အရပ်သားလူထုကို

---

2 Rome Statute of the International Criminal Court, art. 7 (2) (a).

3 International Criminal Court, *Prosecutor v. Katanga*, Case No. ICC-01/04-01/07, Judgment pursuant to article 74 of the Statute, 7 March 2014, para. 757 ff.

4 International Criminal Tribunal for the Prosecution of Persons Responsible for Genocide and Other Serious Violations of International Humanitarian Law Committed in the Territory of Rwanda and Rwandan Citizens Responsible for Genocide and Other Such Violations Committed in the Territory of Neighbouring States between 1 January and 31 December 1994, *Bagosora and Nsengiyumva v. Prosecutor*, Case No. ICTR-98-41-A, Appeals Chamber Judgment, 14 December 2011, para. 390.

5 Extraordinary Chambers in the Courts of Cambodia, *Prosecutor v. Nuon Chea and Khieu Samphan*, Case No. 002/01, Trial Chamber Judgment, 7 August 2014, para. 178.

6 International Tribunal for the Prosecution of Persons Responsible for Serious Violations of International Humanitarian Law Committed in the Territory of the Former Yugoslavia since 1991, *Prosecutor v. Kunarac et al.*, Case Nos. IT-96-23 & IT-96-23/1-A, Appeals Chamber Judgment, 12 June 2002, para. 86.

7 International Tribunal for the Former Yugoslavia, *Prosecutor v. Blaškić*, Case No. IT-95-14-T, Trial Chamber Judgment, 3 March 2000, para. 206.

8 International Residual Mechanism for Criminal Tribunals, *Prosecutor v. Šešelj*, Case No. MICT-16-99-A, Appeals Chamber Judgment, 11 April 2018, para. 57; International Criminal Court, *Prosecutor v. Blé Goudé*, Case No. ICC-02/11-02/11-186, Decision on the Confirmation of Charges, 11 December 2014, para. 131.

ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်ပုံရသည်ကို ညွှန်ပြနေသည်။

34. တိုက်ခိုက်မှုဆိုသည် သဘောသဘာဝအားဖြင့် ဆင်တူရိုးမားဖြစ်ပြီး စနစ်တကျ စီစဉ်ထားသော လုပ်ရပ်ဖြစ်ပါသည်။ "စနစ်တကျ" ဆိုသည့် စကားရပ်ကို အကြမ်းဖက် ပြုလုပ်မှု၏ အစီအစဉ်တကျ သဘောသဘာဝနှင့် ရှောင်တခင် ဖြစ်ပွားမှု ဖြစ်နိုင်ခြေမရှိကြောင်းကို ရည်ညွှန်းပါသည်။[9] ယန္တရားက ကောက်ခံပြီး စမ်းစစ်ခဲ့သည့် ပဏာမ သတင်းအချက်အလက်များက လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံတစ်လျှောက်လုံးတွင် အချိတ်အဆက် မိမိရရ ညှိနိုင်းဆောင်ရွက် ခဲ့သည်ကို ပြသနေပါသည်။ လူပုဂ္ဂိုလ်များ၏ သီးခြားအုပ်စုများကို ၎င်းတို့၏ နိုင်ငံရေး ယုံကြည်ချက်၊ ကျွမ်းကျင်ပညာရှင် (ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ/ဆရာမများနှင့် သတင်းသမားများကဲ့သို့) စသည်တို့နှင့် နိုင်ငံရေး အခွင့်အရေးများကို ကျင့်သုံးခြင်းအပေါ် အခြေခံ၍ မတရား ဖမ်းဆီးအကျဉ်းချခြင်းအတွက် ပစ်မှတ်ထားပုံ ရသည်။ စစ်တပ် အာဏာသိမ်းပြီး မကြာမီ စစ်အာဏာသိမ်းမှုအပေါ် ဆန့်ကျင်ဆန္ဒပြမှုများသည် နိုင်ငံတစ်ဝန်း ပေါ်ပေါက်ခဲ့သည်။

စစ်တပ်ကအာဏာသိမ်းပြီးနောက် ကန ဦး ရက်သတ္တပတ်များတွင် သတင်းထုတ် ပြန်ချက်များအရ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်တုံ့ပြန်မှု အနည်းငယ်သာရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များသည် လူထုဆန္ဒပြပွဲများတွင် သေစေနိုင်သောအင်အားသုံးခြင်းကို ရှောင်ရှားခဲ့သည်။ သို့သော် သီတင်းပတ်အနည်းငယ်အတွင်း သိသိသာသာ နည်းဗျူဟာ ပြောင်းလဲခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များသည် ဆန္ဒပြသူများကို တည်နေရာမျိုးစုံတို့တွင် ကျည်ဆံအစစ်များ အသုံးပြုခြင်း အပါအဝင်သေစေလောက်သော အင်အားကို စတင် အသုံးပြုလာကြသည်။

35. ယန္တရားတွင်ရရှိထားသည့် ပဏာမသတင်းအချက်အလက် အားလုံးကို နောက်ထပ် အတည်ပြုရန်နှင့် ဆန်းစစ်ရန် လိုအပ်လျက်ရှိသည်။ ယန္တရားသည် ဤကိစ္စများနှင့်သက်ဆိုင်သည့် အထောက်အထားများကို ပြုစုစုဆောင်းရန်နှင့် စိစစ်သုံးသပ်ရန် ဆက်လက်လုပ်နေပြီး သတင်းအချက်အလက် ထပ်မံ ပေးပို့မှုများကို ကြိုဆိုပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ လတ်တလော အခင်းဖြစ်ရပ်များမှာ မိမိ၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်ခြင်း ရှိမရှိ စဉ်းစားဆုံးဖြတ်ရာတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးချိန်ကစ၍ ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်ကို အထက်ဖော်ပြပါ ရရှိနိုင်သည့် သတင်းအချက်အလက်များအား စိစစ်သုံးသပ်မှုများကို ကြည့်ပြီး ယန္တရားက ပဏာမအားဖြင့် ရှုမြင်ထားပါသည်။ လုံခြုံရေးတပ်ဖွဲ့များသည် အရပ်ဖက်လူထုအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှု ကျူးလွန်ခဲ့သည်ကို ရရှိထားသော သတင်းအချက်အလက်များက ဖော်ပြနေသည်။ ဤအခြေအနေတွင် လူသတ်မှုများ၊ လိင်ပိုင်းဆိုင်ရာစော်ကားမှုများ၊ မတရားဖမ်းဆီး ထိန်းသိမ်းမှုများ၊ အတင်းအဓမ္မ အစဖျောက်ပစ်မှုများ၊ နှိပ်စက်မှုနှင့် ဖိနှိပ်ညှဉ်းပန်းမှုများကို ယန္တရားမှ ကောက်ခံရရှိခဲ့သည်။ ဤအချက်များနှင့် စပ်လျဉ်းသည့် သက်သေ အထောက်အထားများကို အတည်ပြုနိုင်လျှင် လူသားမျိုးနွယ်ပေါ် ကျူးလွန်သောရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ကို ပြသနိုင်မည်။ ထို့ကြောင့် ယန္တရားသည် ကျူးလွန်နိုင်ခဲ့ဖွယ်ရှိသည့် အထူးပြင်းထန်သောနိုင်ငံတကာ ရာဇဝတ်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍

9 International Tribunal for the Former Yugoslavia, *Prosecutor v. Blaškić*, Case No. IT-95-14-A, Appeals Chamber Judgment, 29 July 2004, para. 101.

သတင်းအချက်အလက်များကို ပြုစုစုဆောင်းရန်၊ အတည်ပြုရန်အတွက် ကြိုးပမ်းခြင်း ဆန်းစစ်သုံးသပ်ခြင်းများ ဆက်လက်လုပ်ဆောင်သွားမည်။ ယန္တရားသည် မိမိ၏ လုပ်ပိုင်ခွင့်နှင့်အညီ ဤမျှ ကြီးလေးသည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် မည်သည့်ပုဂ္ဂိုလ်များတွင် ပြစ်မှုဆိုင်ရာတာဝန်ရှိကြောင်း တရားရုံးများ သို့မဟုတ် ခုံရုံးများတွင် ရာဇဝတ်မှုဆိုင်ရာ အမှုအခင်းများ၌ ပြစ်ဒဏ်ချမှတ်ရေးအတွက် လိုအပ်သော သက်သေထင်ရှားပြသည့် အဆင့်မြင့်စံနှုန်းနှင့်အညီ သက်သေထင်ရှားပြရန်အတွက် အသုံးပြုနိုင်မည့် အရေးပါသော သက်သေအထောက်အထားကိုလည်း ရှာဖွေပါမည်။

**ရေရှည်မျှော်မှန်းချက်**

36. ယန္တရားသည် မိမိ၏ ခွဲ ခြမ်းစိတ်ဖြာသည့် နည်းကိရိယာများကို ဆန်းသစ်စေရန် ဆက်လက် လုပ်ဆောင်ပါမည်။ ၎င်းသည် အကောင်းဆုံး လုပ်ကိုင်ပုံများဖြင့် လုပ်ငန်းလုပ်ဆောင်ခြင်းနှင့် ဖြစ်ရပ်များနှင့် အခြေအနေများ၏ အသွင်အပြင်လက္ခဏာအစိတ်အပိုင်းများနှင့် အဆင်အယင်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ လိုသလို ဖြတ်တောက်ခြင်းကို ဆောင်ရွက်ပေးမည့် နည်းလမ်းအသစ်များကို တီထွင်မည်ဖြစ်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ယန္တရားသည် တရားစွဲဆိုသော အဖွဲ့အစည်း သို့မဟုတ် တရားရုံးတစ်ရုံး မဟုတ်ကြောင်း ပြန်လည်အမှတ်ရရန် အရေးကြီးသည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ အမှုအခင်းများ စွဲဆိုရန် စွဲဆိုနိုင်ခွင့်ရှိသည့် နိုင်ငံတွင်း ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အာဏာပိုင်များအပေါ် မူတည်ပါသည်။ မိမိတို့ ပြုစုစုဆောင်းသည့် သက်သေအထောက်အထားများအား အသုံးချမှုနှင့် ပြစ်မှုဆိုင်ရာ တာဝန်ခံမှု လုပ်ငန်းစဉ်ကို အစွမ်းကုန်ပံ့ပိုးရန်အလို့ငှါ ယန္တရားသည် ၎င်း၏ သတင်းအချက်အလက်များနှင့် အမှုတွဲများကို အသုံးပြုရန် အလားအလာ ရှိကောင်းရှိနိုင်သည့် စီရင်ပိုင်ခွင့်အာဏာရှိသော အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ပြင် မိမိတို့ လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်ကောင်း သက်ဆိုင်နိုင်သည့် ဆောင်ရွက်နေဆဲ လုပ်ငန်းဆောင်တာများ၊ စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် ဥပဒေဆိုင်ရာ အမှုအခင်းများနှင့် တပြိုင်တည်း တက်တက်ကြွကြွ ပါဝင်လှုပ်ရှားမည် ဖြစ်ပါသည်။

## C. ပူးပေါင်းဆောင်ရွက်မှု အစီအမံများနှင့် စံပြပုံစံများ

37. ဤအစီအမံများသည် သတင်းအချက်အလက်များနှင့် အထောက်အထားများ ပြုစုစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ထောက်ပံ့မှု သို့မဟုတ် အထူးဝန်ဆောင်မှုများ ပို့ချပေးခြင်း နှင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်ခြင်းများနှင့် သက်ဆိုင်သည်။ ၎င်းတွင် အမျိုးမျိုးအဖုံဖုံ ကျယ်ပြန့်သည့် အရပ်ဖက် တက်ကြွလှုပ်ရှားသူများ ပါဝင်သည်။ နိုင်ငံတွင်း အာဏာပိုင်များ၊ ကုလသမဂ္ဂနှင့် ဆက်စပ်သူများ၊ အရပ်ဖက် အဖွဲ့အစည်းတွင်း တက်ကြွလှုပ်ရှားသူများ၊ အစိုးရ-မဟုတ်သည့် အဖွဲ့အစည်းများနှင့် စီးပွားဆိုင်ရာ လုပ်ငန်းကြီးများ အပါအဝင်ဖြစ်ပါသည်။ လုပ်ငန်းလည်ပတ်ခဲ့စဉ်ကစ၍ ယန္တရားသည် မိမိ၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်၊ စာရွက်စာတမ်းနှင့် သက်သေအထောက်အထား ကောက်ယူစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် သိုလှောင်ခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်မှု

အစီအမံ ၃၈ ခုကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ၎င်းကိုထပ်ဆင့်၍ ယန္တရားသည် အထူးဝန်ဆောင်မှုများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ထောက်ပံ့မှု ပို့ချရေးအတွက် စံပြုပုံစံများကို သတ်မှတ်ပေးခြင်းအား သဘောတူညီချက်များ ရယူခဲ့ပြီး ဖြစ်ပါသည်။

38. အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်သော သတင်းအချက်အလက်များ ရှိကောင်းရှိနိုင်သည့် သို့မဟုတ် ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်းရှိ ဥပဒေဆိုင်ရာ အမှုအခင်းများ၌ ပါဝင်ပတ်သက်ကောင်း ပတ်သက်နိုင်သည့် နိုင်ငံများနှင့် အစိုးရအဆင့်ဆင့် အဖွဲ့အစည်းများနှင့် ယန္တရားသည် ဆက်လက် ဆက်သွယ်ဆောင်ရွက်ပါသည်။ လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံမှ အသိအမှတ်ပြုထားသည့်အတိုင်း အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် အာရှ-ပစိဖိတ်ဒေသမှ ထိုသီးခြား နိုင်ငံများသည် ယန္တရား၏ စုံစမ်းစစ်ဆေးရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်ချက်များအတွက် အထူးသဖြင့် အရေးကြီးနေလျက်ရှိသည်၊ သက်သေများအား သွားရောက်တွေ့ဆုံရန်နှင့်တကွ ၎င်းတို့၏ လုံခြုံရေးနှင့် ကိုယ်ရေးလျှို့ဝှက်မှုကို အာမခံချက်ရှိစေမည့် နည်းလမ်းဖြင့် သက်သေများအား လူတွေ့တွေ့ဆုံမေးမြန်းခွင့်ရရှိရေးတို့ ပါဝင်သည်။ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် သက်သေများကို အကာအကွယ်ပေးရေး ဆောင်ရွက်ပေးရန်နှင့် ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် တန်ပြန်မှုတစ်ခုခုမှ ဟန့်တားပေးရန် အတွက်လည်း လိုအပ်ပါသည်။

39. ကမ္ဘာအနှံ့ ဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကြီးကြောင့် ခရီးသွားလာမှုနှင့် လူချင်းတွေ့ဆုံနိုင်ရန် အကန့်အသတ်များ ရှိနေခြင်းကြောင့် ၎င်း၏ လုပ်ငန်းများကို ဆောင်ရွက်ရန် မျှော်လင့်ထားသည့် သက်ဆိုင်သော အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေများအတွင်း လူကိုယ်တိုင်-အဆင့်မြင့် မစ်ရှင်များ စေလွှတ်ရန် မိမိ၏ ရည်မှန်းချက် စီစဉ်ထားသည့်အတိုင်း မဆောင်ရွက်နိုင်ခဲ့ပါ။ သို့သော်လည်း ယန္တရားသည် အဆိုပါ ဆက်သွယ်ဆောင်ရွက်မှုများကို အဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ပုံမှန်ဆက်သွယ်ခြင်းမှတစ်ဆင့် အစားထိုးဆောင်ရွက်ခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ရာ၌ ယန္တရား လုပ်ငန်းများ၏ သိုသိပ်လျှို့ဝှက်မှုနှင့် ၎င်းနှင့် ဆက်သွယ်ပြောဆိုသူများနှင့် လူပုဂ္ဂိုလ်များ၏ ဘေးကင်းရေးနှင့် လုံခြုံရေးကို အကာအကွယ်ပေးမည့် နည်းလမ်းအရ ဆောင်ရွက်ခဲ့ပါသည်။

40. ယန္တရားသည် သက်သေများ၊ နစ်နာသူများနှင့် အခြားသော သတင်းအချက်အလက်ရရာ ပင်မရင်းမြစ်များရရှိရန်နှင့် စွပ်စွဲထားသည့် ရာဇဝတ်မှုများ ဖြစ်ပွားရာနေရာများသို့ သွားရောက်ရန် မြန်မာ အာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆက်လက်၍ နည်းလမ်းများကို ရှာဖွေနေပါသည်။ ယန္တရားသည် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်စေမည့် ဆက်ဆံရေးတစ်ရပ်ကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ ရက်စွဲပါ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၇၅/၂၃၈ နှင့်အညီ ကမ်းလှမ်းဆက်သွယ်ရန်နှင့် ရှာကြံရန် ဆက်လက် ဆောင်ရွက်ပါမည်။ အဆိုပါ ဆုံးဖြတ်ချက်တွင် အထွေထွေညီလာခံသည် ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ပြီး အဓိပ္ပါယ်ရှိသော ဆက်သွယ် ဆောင်ရွက်မှုများလုပ်ပေးရန် မြန်မာနိုင်ငံကို တောင်းဆိုထားသည်၊ ယန္တရား၏ လုပ်ငန်းများအတွက် အကန့်အသတ်မရှိသော ဝင်ရောက်မှုကို ခွင့်ပြုပေးခြင်းအပါအဝင်ဖြစ်သည့်အပြင် လူ့အခွင့်အရေးကောင်စီ၏ ၂၀၂၁ ခုနှစ် မတ်လ ၂၄ ရက်နေ့ရက်စွဲပါ ဆုံးဖြတ်ချက် အမှတ် ၄၆/၂၁ နှင့်အညီ ကောင်စီသည် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ အရက်ဖက် တက်ကြွလှုပ်ရှားသူများကိုလည်း အလားတူ မေတ္တာရပ်ခံထားပါသည်။

41. ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းလုပ်ဆောင်မှုနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ယန္တရားသည် နယူးယောက်မြို့ သို့မဟုတ် ဂျီနီဗာမြို့ နှစ်မြို့လုံးရှိ ၎င်းတို့၏ ရုံးချုပ်များ၊ ၎င်းတို့၏ သက်ဆိုင်ရာ မြေပြင် ရုံးခန်းများ၊ မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် ပြဿနာများနှင့်ပတ်သက်၍ လုပ်ကိုင်နေသူများ အပါအဝင် ကုလသမဂ္ဂ၏ ကျယ်ကျယ်ပြန့်ပြန့် ပူးတွဲလုပ်ဆောင်သူများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို တန်ဖိုးထားပါသည်။ ယန္တရားသည် အပြည်ပြည်ဆိုင်ရာ တရားရုံးများနှင့် အခြားသော အပြည်ပြည်ဆိုင်ရာ တာဝန်ခံမှုဆိုင်ရာ ယန္တရားများနှင့် ဆက်လက်၍ ဆွေးနွေးပါသည်။ ၎င်းတို့၏ အတွေ့အကြုံများနှင့် အကောင်းဆုံး လုပ်ကိုင်ပုံများကို အဖွဲ့အစည်းတစ်ခုစီ၏ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့်အညီ လေ့လာရန်အတွက်ဖြစ်ပါသည်။ ၎င်း၏ရည်ညွှန်းကိုးကားချက်နှင့်အညီ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းမှုများဖြစ်နိုင်သည့် အတိုင်းအတာအထိ ယန္တရားသည် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာစနစ်များနှင့် အချက်အလက် စီမံခန့်ခွဲမှု၊ သက်သေ အကာအကွယ်ပေးရေးနှင့် ထောက်ပံ့ကူညီပေးရေး၊ သက်သေနှင့် လူတွေ့အင်တာဗျူးများ အကြောင်းအရာသိရှိလျက် သဘောတူညီချက်ပေးခြင်းနှင့် စပ်လျဉ်းသည့် ပြဿနာများအပါအဝင် ကိစ္စများကို အနီးကပ် ညှိနှိုင်းဆောင်ရွက်ပါသည်။

**ရေရှည်မျှော်မှန်းချက်**

42. အဓိကကျသည့် အဖွဲ့ဝင်နိုင်ငံများနှင့် လူပုဂ္ဂိုလ်ချင်း-အဆင့်မြင့် စကားပြောဆိုဆွေးနွေးမှုများကို ပြန်လည်လုပ်ဆောင်ခြင်းမှာ လာမည့် အစီရင်ခံရမည့်ကာလအတွက် ယန္တရား၏ အရေးပါသော ဦးစားပေးမှုတစ်ရပ်ဖြစ်ပါသည်။ ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှာ မရှိမဖြစ် လိုအပ်သည့် ဖက်စပ်သူများနှင့် ယုံကြည်စိတ်ချရသော ဆက်ဆံရေးများကို တည်ဆောက်ရန်နှင့် တည်မြဲနေအောင် ထိန်းသိမ်းထားရန် မိမိ၏ အရည်အချင်းတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် မူတည်ပါမည်။ လုပ်နေဆဲ ဆက်သွယ်ဆောင်ရွက်မှုများကို လွယ်ကူချောမွေ့အောင်လုပ်နိုင်စေရန် အဝေးမှနေ၍ လုပ်သည့်နည်းလမ်းများဖြင့် လုပ်ပါလိမ့်မည်။ အဆိုပါ နည်းလမ်းများသည် ရည်စူးထားပြီး အမျိုးအစား အလွှာမျိုးစုံပါရှိသည့် ဆွေးနွေးမှုများအတွက် အဆိုပါ အစီအမံများ လိုအပ်မှုကြောင့် သင့်တော်သော စံပြပုံစံတစ်ခု ဖြစ်လိမ့်မည် မဟုတ်ပါ။ ယန္တရားသည် မိမိ၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ အာဏာပိုင်များနှင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန် ဆက်သွယ်ဆောင်ရွက်ရာ၌ မိမိ၏ စနစ်တကျ ကြိုးပမ်းမှုများကိုလည်း ဆက်လက် ဆောင်ရွက်ပါမည်။

## D. သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အများပြည်သူ ကမ်းလှမ်းဆက်သွယ်မှု

43. အများပြည်သူနှင့် ကမ်းလှမ်းဆက်သွယ်ခြင်းမှာ ယန္တရား၏ ဦးစားပေး ကိစ္စရပ်တစ်ခုအဖြစ် ဆက်လက် တည်ရှိနေပါသည်။ ဆက်သွယ်ရေးနှင့် အများပြည်သူနှင့် ကမ်းလှမ်းဆက်သွယ်ရေး လုပ်ဆောင်ချက်များမှာ ယန္တရား၏ ရှုပ်ထွေးလှသည့် အလုပ်ကို ပိုမိုနားလည်မှုရရှိစေရန် တိုးမြှင့်လုပ်ဆောင်ရာ၌နှင့် ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ရေးလုပ်ရာ၌ မဖြစ်မနေ လိုအပ်သည့် အခန်းကဏ္ဍတွင် ဆက်လက် ပါဝင်နေပါသည်။ ယန္တရားသည် မိမိ၏ ၂၀၂၀ ခုနှစ်

ဆက်သွယ်ရေးနှင့် အများပြည်သူ ကမ်းလှမ်းဆက်သွယ်ရေး နည်းဗျူဟာတွင် ချမှတ်ထားသည့် ဘက်ပေါင်းစုံ ချဉ်းကပ်ပုံနည်းလမ်းနှင့်အညီ မိမိ၏ လုပ်ပိုင်ခွင့်၊ လုပ်ငန်းများနှင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများ အထူးသဖြင့် သက်သေများနှင့် နစ်နာသူများသို့ တင်ပြချက်များကို ရှင်းပြရန် အမျိုးမျိုးသော ဆက်သွယ်ရေးဆိုင်ရာ နည်းကိရိယာများကို ဆက်လက်၍ ထူထောင်ပေးပြီး အသုံးချပါသည်။

44. ကပ်ရောဂါကြောင့် လူကိုယ်တိုင်ခရီးသွားခြင်းနှင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် တိုက်ရိုက်အဆက်အသွယ်များ သိသိသာသာလျော့ကျလာခြင်းကြောင့် ယန္တရားသည် မိမိ၏ ဆက်သွယ်ရေး နည်းဗျူဟာကို အခြေအနေအသစ်နှင့် လိုက်လျောညီထွေ ဖြစ်အောင်ပြုပြင် ပြောင်းလဲခဲ့သည်။ မိမိ၏ လုပ်ငန်းများနှင့်ပတ်သက်သည့် ပြတ်တောက်မှုမရှိသော စီးဝင်လာသည့် သတင်းအချက်အလက်များကို ထိန်းသိမ်းထားရန်အတွက် ယန္တရားသည် မိမိ၏ ဝက်ဘ်ဆိုက်၊ လူမှုရေးကွန်ရက်နှင့် သတင်းစာစောင်များကို သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ထိရောက်စွာ ဆက်သွယ်စေရန် တိုးမြှင့်၍ သုံးစွဲခဲ့ပါသည်။ ယန္တရားသည် အွန်လိုင်း နည်းလမ်းများနှင့် အဆက်အသွယ်များမှတစ်ဆင့် အမျိုးမျိုးသော အုပ်စုများနှင့်လည်း ဆွေးနွေးပွဲများ လုပ်ဆောင်ခဲ့ပါသည်။

45. ယန္တရား၏ ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်တို့သည် ယန္တရားလုပ်ငန်းနှင့် လုပ်ပိုင်ခွင့်အကြောင်း တိကျပြီး အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက် ဖြန့်ချိပေးရန်အတွက် အစွမ်းထက်သော နည်းလမ်းများ ဖြစ်လာခဲ့သည်။ ယန္တရားမှ စောင့်ကြပ်ကြည့်ရှုခြင်းအားဖြင့် တွေ့ရှိရသည်မှာ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်း ထောင်ပေါင်း ဆယ်နှင့်ချီသောလူများသည် ဤသတင်းအချက်အလက်များကို ဝင်ရောက်ကြည့်ရှုခြင်း၊ ဝေမျှဖလှယ်ခြင်းနှင့် သတင်းဖြန့်ပေးခြင်းတို့ကို လုပ်ကြသည်။ ယန္တရားသည် မိမိ၏ တရားဝင် ဝက်ဘ်ဆိုက်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပုံမှန် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်တည်းဖြတ်ပေးပါသည်။ ၂၀၂၀ ခုနှစ် မေလတွင် ပထမဦးဆုံးအကြိမ် သတင်းစာစောင် ထုတ်ပြန်ပေးကတည်းကစ၍ ယန္တရားသည် နောက်ထပ် ထုတ်ဝေမှုများ အများအပြား ထုတ်ပြန်ခဲ့ပါသည်။ သတင်းစာစောင်များသည် ယန္တရား၏ လုပ်ငန်းတိုးတက်မှုအကြောင်း ပိုမို၍ အခြေအမြစ်ရှိရှိ တင်ပြရန် အဓိကကျသည့် နည်းကိရိယာတစ်ခုအဖြစ် ရပ်တည်နေလျက်ရှိသည်။ သီးသီးခြားခြား ကနဦးလုပ်ဆောင်ချက်များကို မီးမောင်းထိုးပြပေးခြင်းနှင့် ယန္တရား၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်သည့် အမျိုးမျိုးသော စိတ်ဝင်စားရာ အကြောင်းအရာများနှင့်ပတ်သက်၍ မကြာခဏ မေးလေ့ရှိသည့် မေးခွန်းများကို ဖြေကြားခြင်းတို့ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် ယန္တရားသည် မိမိ၏ ကမ်းလှမ်းဆက်သွယ်ရေး ကြိုးပမ်းမှုများကို နောက်ထပ် မြှင့်တင်ပေးရန်နှင့် မြန်မာနိုင်ငံရှိ အရပ်ဖက် အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများနှင့်တကွ အများပြည်သူများသို့ သတင်းအချက်အလက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဝေမျှဖလှယ်နိုင်ရန် ဖေ့စ်ဘုတ် စာမျက်နှာတစ်ခုကို ဖွင့်လှစ်ခဲ့ပါသည်။ ဤသို့လုပ်ဆောင်မှုသည် ၂၀၁၉ ခုနှစ်တွင် ယန္တရားက ဆောင်ရွက်ခဲ့သည့် အရပ်ဖက် အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများ၏ စစ်တမ်းမှ အဓိက အကြံပြုချက်များအနက် တစ်ခုဖြစ်ပါသည်။

46. မြန်မာနိုင်ငံရှိ လတ်တလော ဖြစ်ပျက်ပြောင်းလဲမှုများကြောင့် ယန္တရား၏ အလုပ်ကို

အများပြည်သူ၏ စိတ်ဝင်စားမှု သိသိသာသာ တိုးမြင့်လာခဲ့သည်။ မြန်မာနိုင်ငံရှိ လက်ရှိဖြစ်ရပ်များမှာ ယန္တရား၏ ဆက်တိုက်ရှိနေမည့် လုပ်ပိုင်ခွင့်နှင့် မည်သို့ ဆက်စပ်သည်ကို ရှင်းပြရန်အလို့ငှါ ယန္တရား၏ အကြီးအကဲသည် နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာ မီဒီယာများနှင့် အင်တာဗျူးများ ပြုလုပ်ခဲ့ပါသည်။ မသေချာ မရေရာမှု မြင့်မားနေသည့် အချိန်ကာလ၌ ယန္တရားအနေဖြင့် မိမိ၏ လုပ်ပိုင်ခွင့်အတွင်း မည်သည့်အရာကို လုပ်နိုင်ပြီး မည်သည့်အရာကို မလုပ်နိုင်သည်ကို ရှင်းပြခြင်းသည် ဤကမ်းလှမ်းဆက်သွယ်ရေး ကြိုးပမ်းမှု၏ မရှိမဖြစ်လိုအပ်သည့်အစိတ်အပိုင်း ဖြစ်ပါသည်။

47. တစ်ပြိုင်တည်းမှာပင် ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များနှင့် ဂျီနီဗာမြို့တွင် သံတမန်ရေးနှင့် အလုပ်လုပ်ကိုင်သည့်အဆင့်မှ လူပုဂ္ဂိုလ်များ သို့မဟုတ် အွန်လိုင်းဖြင့် သတင်းအချက်အလက် ရှင်းလင်းသည့် ဆွေးနွေးပွဲများကို တသမတ်တည်း ဆောင်ရွက်ခဲ့ပြီး သတင်းအချက်အလက် ရှင်းပြပေးခဲ့ပါသည်။ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များအား နယူးယောက်မြို့တွင်လည်း အွန်လိုင်း အချက်အလက်ရှင်းလင်းပွဲများ လုပ်ပေးခဲ့ပြီး ၎င်းတို့၏ မြို့တော်များတွင်လည်းကောင်း၊ ဒေသတွင်းနှင့် အစိုးရအဆင့်ဆင့် အဖွဲ့အစည်းကိုလည်းကောင်း လုပ်ပေးခဲ့ပါသည်။ ယန္တရားသည် ပုံမှန်ဆွေးနွေးပွဲကို ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အာရှ-ပစိဖိတ် ဒေသနှင့် အခြားတစ်နေရာရာ၌ အခြေခံသည့် အရပ်ဖက် အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများကို ကျင်းပပေးလျက်ရှိပါသည်။ ယန္တရားသည် တရားမျှတမှုနှင့် တာဝန်ခံမှုတို့နှင့်စပ်လျဉ်းသည့် အကြောင်းအရာခေါင်းစဉ်များနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဖက် အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကြီးမှူးကျင်းပသည့် အမျိုးမျိုးသော အဆင့်မြင့်-အများပြည်သူ အွန်လိုင်း အစည်းအဝေး များ၌လည်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။

48. ယန္တရားနှင့် အပြန်အလှန် ဆက်သွယ်သူများ၏ လုံခြုံရေးသည် အရေးအကြီးဆုံး ကိစ္စအဖြစ် ဆက်လက် တည်ရှိနေပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ယန္တရားသည် ပါဝင်ပတ်သက်သူများနှင့် ယန္တရား၏ဝန်ထမ်းများ နှစ်ဖက်လုံး၏ ဘေးကင်းရေး၊ လုံခြုံရေးနှင့်တကွ လွဲပြောင်းဖလှယ်သည့် သို့မဟုတ် ယန္တရားက ဆက်သွယ်ဆောင်ရွက်သည့် သတင်းအချက်အလက် သိုသိပ်လျှို့ဝှက်ထားရှိမှုတို့ကို သေချာစေရန် လုံခြုံသော နည်းလမ်းဖြင့် ဆက်သွယ်ရေး အရေးကြီးပုံကိုသိရှိစေရန် မိမိ၏ အများပြည်သူ ဆက်သွယ်ရေး ပလက်ဖောင်းကို အသုံးချခဲ့သည်။

## ရှေ့ရေးမျှော်မှန်းချက်

49. လာမည့် အစီရင်ခံစာတင်သွင်းရမည့်ကာလအတွက် ယန္တရားသည် မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့် ပြဿနာများနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်နေသော အရပ်ဖက် အဖွဲ့အစည်း ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုကို တိုးချဲ့၍ လုပ်ကိုင်သွားပါမည်။ ၎င်းတို့၏ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန်အတွက်အပြင် ယန္တရားနှင့် ပိုမိုအခြေအမြစ်ရှိရှိနှင့် ကျကျနန ဆွေးနွေးမှုကို ချောမွေ့လွယ်ကူစွာ လုပ်ဆောင်နိုင်ရန် ဤသို့တိုးချဲ့ လုပ်ကိုင်သွားခြင်း ဖြစ်ပါသည်။ ဤသို့အားဖြင့် အရပ်ဖက် အဖွဲ့အစည်း ပါဝင်ပတ်သက်သူများအနေဖြင့် ယန္တရား၏ လုပ်ငန်းကို ပိုမိုအဓိပ္ပါယ်ရှိစွာ

ဆက်သွယ် ဆောင်ရွက်နိုင်မည်ဖြစ်သည်၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ကြောင်း တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်အတွက် ယန္တရား၏ ထောက်ပံ့အကူအညီပေးမှုကို အကြီးအကျယ် နားလည်မှုနှင့် စိတ်ချယုံကြည်မှုကို တိုးမြှင့်ပေးစေပါသည်။

50. ၂၀၂၂ ခုနှစ်တွင် ယန္တရားသည် မြန်မာဘာသာစကားဖြင့် သတင်းအချက်အလက်များ ပိုမိုရရှိစေရန် ဆောင်ရွက်ပါမည်။ ယန္တရား အကြောင်း သတင်းအချက်အလက်ကို တိတိကျကျ ပေးအပ်ရန်နှင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားကဲ့သို့ အမျိုးမျိုးသော မီဒီယာ အသံလွှင့်လိုင်းများကို အသုံးပြုခြင်းအားဖြင့် ပိုမိုကျယ်ပြန့်သော လူထုပရိသတ်ကို လက်လှမ်းမှီနိုင်ရန်အတွက် ဒေသခံများနှင့်လည်း အနီးကပ် လုပ်ဆောင်မည် ဖြစ်ပါသည်။

## III. လုပ်ပိုင်ခွင့် အကောင်အထည်ဖော်ဆောင်ရွက်စေနိုင်မည့် လုပ်ငန်းဆိုင်ရာ ဖြစ်ပျက်ပြောင်းလဲမှုများ

51. ယန္တရားသည် အထက်ဖော်ပြပါ အခြေခံ ဦးစားပေးမှုများနှင့်ပတ်သက်၍ အခိုင်အမာ တိုးတက်မှု ရရှိစေနိုင်ရန်အတွက် တောင့်တင်းခိုင်ခန့်သော စီမံအုပ်ချုပ်ရေး အခြေခံအုတ်မြစ်၊ နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် စီမံရေးဆိုင်ရာနှင့် လုပ်ငန်းဆိုင်ရာ ပံ့ပိုးရေးစနစ်များကို ဆက်လက်၍ ထူထောင်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း ၂၀၁၉ ခုနှစ်၌ ယန္တရား၏အကြီးအကဲမှ ချမှတ်ခဲ့သည့် လုပ်ငန်း၏ ခံယူချက်ကို အကောင်အထည်ဖော်ရန် ဆက်လက်လုပ်ဆောင်ခဲ့သည်။ ကိုဗစ်-၁၉ ၏ ဆက်တိုက် သက်ရောက်မှုကို တုံ့ပြန်ရာ၌ လိုအပ်ချက်တစ်ခုအဖြစ် ခံယူကျင့်သုံးလျက်ရှိသည်။ ပိုမိုချမှတ်ပေးသည့်လုပ်ငန်းများနှင့် ၂၀၂၁ ခုနှစ်အတွက် အထွေထွေညီလာခံမှ အတည်ပြုချမှတ်ခဲ့သော နည်းပါးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်အညီ ယန္တရားသည် မိမိ၏ အခြေခံအဆောက်အုံနှင့် ကျွမ်းကျင်မှုကို ဆက်လက်၍ တည်ဆောက်သည်၊ မိမိ၏ စီမံရေး လုပ်ငန်းစဉ်ကို ဆန်းသစ်ပြုပြင်ပြောင်းလဲပြီး မိမိ၏ စွမ်းဆောင်နိုင်မှုများကို စုစည်းထားလိုက်သည်။

## A. အခြေခံ မူဝါဒများ၊ လုပ်ထုံးများနှင့် လုပ်နည်းလုပ်ဟန်များ

52. ယန္တရားသည် မိမိ၏ နည်းဗျူဟာကျသော ဦးစားပေးမှုများနှင့်အညီ မိမိ၏ လုပ်ငန်းများကို လမ်းညွှန်စေရန် အခြေခံ မူဝါဒများ၊ လုပ်ထုံးများနှင့် လုပ်နည်းလုပ်ဟန်များ အလုံးစုံကို ထူထောင်ရန် ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ ယန္တရားသည် ကျယ်ကျယ်ပြန့်ပြန့် အမျိုးမျိုးသော လုပ်ငန်းများ အကျုံးဝင်သည့် မူဝါဒ၊ လုပ်ထုံး၊ လုပ်နည်းလုပ်ဟန်၊ လမ်းညွှန်ချက်နှင့် ညွှန်ကြားချက် ၅၀ ကျော်ကို လက်ခံကျင့်သုံးခဲ့သည်။ အမှုကိစ္စရွေးချယ်ခြင်းနှင့် ဦးစားပေးခြင်း၊ စုံစမ်းစစ်ဆေးမှုများနှင့် သက်သေ လူတွေ့အင်တာဗျူးများ၊ သတင်းအချက်အလက် ပေးကမ်းသူများနှင့် သက်သေများ၏ သဘောတူညီချက်၊ သတင်းအချက်အလက် စီမံခြင်း၊ ထိလွယ်ခိုက်လွယ်သည့် သတင်းအချက်အလက်များကို အမျိုးအစားခွဲခြားခြင်းနှင့် ကိုင်တွယ်ခြင်း၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးတို့ အပါအဝင်ဖြစ်ပါသည်။ ကွဲပြားခြားနားကျယ်ပြန့်သည့် နစ်နာသူများ/ လွတ်မြောက်လာသူ အုပ်စုများ၏ ရှုထောင့်အမြင်များကို အသေအချာ စုစည်းခဲ့သည်။ ၎င်းအပြင် ယန္တရားသည် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါပေါ်အခြေခံသည့် ရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၏ နစ်နာသူများ၊ ရှန်းထွက်လွတ်မြောက်လာသူများအား

ဖြေရှင်းပေးရန်အတွက် အထူးပြု မူဝါဒများကို ထူထောင်ပေးနေလျက်ရှိပါသည်။ ယန္တရား၏ အဆောက်အအုံများနှင့် မြေပြင် နှစ်မျိုးလုံး၌ လုပ်ငန်းများနှင့်ဆက်စပ်သည့် လုံခြုံရေး လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ အရေးကြီးသော တိုးတက်မှုလည်း ရရှိခဲ့သည်။

53. လုပ်ငန်းတာဝန် သတ်မှတ်ချက်များနှင့်အညီ ဤအခြေခံ စာမှတ်စာတမ်းများကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ ကုလသမဂ္ဂ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ မူဝါဒများနှင့် အကောင်းဆုံး လုပ်ကိုင်ပုံများ၊ သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် စံနှုန်းများတို့နှင့်အညီ ဖြစ်နိုင်သမျှ အမြင့်ဆုံး စံနှုန်းများကို အခြေခံထားသည်၊ လူ့အခွင့်အရေး ဥပဒေ၊ အထူးသဖြင့် တရားမျှတသော အမှုကြားနာစစ်ဆေးမှုအတွက် အခွင့်အရေးနှင့် အခြားသော တရားဥပဒေနှင့်ညီညွတ်သော လုပ်ငန်းစဉ် ပြဋ္ဌာန်းချက်များအပြင် သက်ဆိုင်ရာ ဥပဒေအယူအဆပညာ အပါအဝင်တို့နှင့်အညီလည်း ဖြစ်သည်။ ဆက်လက် လေ့လာနေခြင်းအပေါ် ရည်စူးထားမှုကို ပြသရာ၌ ယန္တရားသည် မိမိ၏ လုပ်ပိုင်ခွင့်နှင့် ပတ်သက်ပြီးသက်ဆိုင်သည့်ကိစ္စ၌ အခြားသော နှိုင်းယှဉ်၍ရနိုင်သည့် အပြည်ပြည်ဆိုင်ရာ တာဝန်ခံမှုဆိုင်ရာ ယန္တရားများ၏ ကောင်းမွန်သော လုပ်ကိုင်ပုံများကို ခံယူပြီး ပေါင်းစည်းထားရန် ဆက်လက်လုပ်ဆောင်ပါသည်။ ယန္တရားသည် မိမိ၏ အဓိက အခြေခံ စာမှတ်စာတမ်းများကို ၂၀၂၁ ခုနှစ် ကုန်ဆုံးပိုင်းမတိုင်မီ အပြီးသတ် ရေးဆွဲရန် စီစဉ်ထားပါသည်။

## B. အခြေခံ အဆောက်အအုံနှင့် နည်းပညာ

54. ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ၌ ယန္တရားသည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး အဆောက်အအုံ၌ တည်ရှိသည့် ရုံးခန်းအသစ်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ ကောင်စီသို့တင်သွင်းခဲ့သည့် ယခင် အစီရင်ခံစာတွင် ဖော်ပြထားသကဲ့သို့ အသင့်ဆောက်လုပ်ထားပြီးဖြစ်သည့် ရုံးခန်းအဆောက်အအုံကို ၎င်းမှာ အဖွဲ့အစည်းအတွက် သိသိသာသာ ငွေကြေး သက်သာသွားမည့် ကုန်ကျစရိတ် အသက်သာဆုံးဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာအရ လက်ခံနိုင်သည့် နည်းလမ်းဖြစ်ကြောင်း ယန္တရားက ဆုံးဖြတ်ပြီးနောက် ဆောက်လုပ်ခဲ့သည်၊ လုပ်ပိုင်ခွင့်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ယန္တရား၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမှုအား သေချာပေးနေသေးလျက်ရှိရင်း ဖြစ်ပါသည်။ မူခင်းဆိုင်ရာ သက်သေခံပစ္စည်းများ သိုလှောင်ရေး၊ လုံခြုံရေးနှင့် စီမံကိန်းများနှင့် လုပ်ငန်းများ၏ သိုသိပ်လျှို့ဝှက်ထားရှိရေးတို့နှင့်စပ်လျဉ်း၍ အပါအဝင်ဖြစ်ပါသည်။ ယန္တရား၏ ရုံးခန်းအသစ် အဆောက်အအုံနှင့် ရုံးခန်းတည်ဆောက်ပုံကို မသန်စွမ်းသူများအနေဖြင့် ဝင်ထွက်သွားလာနိုင်မှု ရရှိရေး သေချာစေရန် ရေးဆွဲထားခဲ့ပြီး မသန်စွမ်းသူများအနေဖြင့် လွယ်လွယ်ကူကူ ဝင်ထွက်ပြီး အသုံးပြုနိုင်စေရန် အဆောက်အအုံ စီမံရေးကို နောက်ထပ် တိုးတက်အောင်လုပ်ပေးမည်ဖြစ်ကြောင်း ယန္တရားအနေဖြင့် သေချာပေးပါမည်။

55. အထက်တွင်ဖော်ပြထားသကဲ့သို့ ယန္တရားသည် ၎င်းလက်ခံရရှိထားသည့် သတင်းအချက်အလက်များ၊ အထောက်အထားများနှင့် သက်သေခံအရာပစ္စည်းများကို ကိုင်တွယ်ရန်အတွက် မိမိ၏ အဓိက အထူးပြု နည်းပညာနှင့် အခြေခံအဆောက်အအုံကို သတ်မှတ်ခြင်း၊ ပုံဖော်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ရာ၌လည်း သိသိသာသာ တိုးတက်မှုရှိခဲ့သည်။ စုဆောင်းရရှိထားသည့် သက်သေခံအထောက်အထားများ စီမံရေးနှင့်ပတ်သက်၍ အထောက်အထားသစ် အားလုံးကို စီမံရန်နှင့်မှတ်တမ်းတင်ရန် နောက်ထပ်

လိုအပ်သည့် အပျောထည်နှင့် ကိရိယာတို့ကို ရရှိရန်နှင့် လုပ်ကိုင်ဆောင်ရွက်ရန် ဆက်လက်လုပ်ကိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ နည်းပညာများ လုပ်ကိုင်နိုင်ခြင်းကို ထပ်ဆင့်၍ ယန္တရားသည် မိမိ၏ အသစ်တည်ဆောက်ထားသော ရုံးခန်းအဆောက်အအုံ၌ ရည်မှန်းထားသည့် မူခင်းဆိုင်ရာ အချက်အလက် စီမံရေး ဓါတ်ခွဲခန်းတစ်ခုကိုလည်း တည်ဆောက်ခဲ့ပါသည်၊ ၎င်းမှာ လက်ခံရရှိသည့် သက်သေခံအရာ ပစ္စည်းတစ်ခုခုကို ခေတ်မီ ဆန်းစစ်စိတ်ဖြာခြင်းနှင့် စီမံခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အီလက်ထရောနစ်စနစ်အရ သိုလှောင်ထားသည့် သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်ကို ဖြည့်ဆည်းရန် ယန္တရားသည် လုံခြုံသော အရာပစ္စည်း သိုလှောင်ရေးအဆောက်အအုံတစ်ခုကို ၎င်း၏ သက်သေခံအရာပစ္စည်းနှင့် ဒီဂျစ်တဲလ် အထောက်အထားတို့ကို ထိန်းသိမ်းထားရန်အတွက် လုံခြုံရေးဆိုင်ရာ ကာကွယ်မှုအထပ်ထပ်ဖြင့် တည်ဆောက်ခဲ့သည်။ ယန္တရားသည် မိမိ၏ အဓိက နည်းပညာဆိုင်ရာ လိုအပ်ချက်များ တိုးတက်ဖွံ့ဖြိုးမှု၏ အစိတ်အပိုင်းအဖြစ် ယန္တရားသို့ အဝင်အထွက်ရှိသည့် သက်သေခံအရာပစ္စည်း စီးဆင်းမှုကို လုံခြုံပြီး သိုသိပ်လျှို့ဝှက်သော နည်းလမ်းဖြင့် လွယ်ကူချောမွေ့စွာလုပ်ကိုင်ပေးမည့် အချက်အလက် သိုလှောင်ရေး ဖြေရှင်းချက်တစ်ရပ်ကို ထူထောင်ခဲ့သည်။

56. ရှေ့သို့မျှော်မှန်းရင်း ယန္တရားသည် နည်းပညာဆိုင်ရာ ဖြေရှင်းချက်များကို စိစစ်နေပါသည်၊ သင့်တော်သော သတင်းအချက်အလက် စီမံအုပ်ချုပ်ရေး အခြေခံအုတ်မြစ်နှင့် ပူးတွဲလျက် မိမိ၏ သက်သေခံအရာပစ္စည်းများ သိုလှောင်ရုံတစ်ခုလုံးကို အကျုံးဝင်သည့် အလုံးစုံသော သတင်းအချက်အလက် စီမံခန့်ခွဲရေး စနစ်တစ်ရပ်ကို ထူထောင်ရန်ဖြစ်သည်။ မိမိ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များနှင့်အညီ အဆိုပါ သက်သေခံအရာပစ္စည်းများနှင့် မှတ်တမ်းမှတ်ရာများ၏ ကာလကြာရှည်- သိုလှောင်မှုနှင့် ဝင်ထွက်ရယူရေးအတွက် သင့်တော်သော လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးပေးခြင်းမှတစ်ဆင့် အပါအဝင်ဖြစ်ပါသည်။ ထို့ပြင် ယန္တရားသည် မိမိ၏ မူခင်းဆိုင်ရာ စွမ်းဆောင်ရည်များကို တိုးမြှင့်ပေးစေရန်အတွက် လုံခြုံရေး အထပ်ထပ်ပါရှိသည့် ကလော့ဒ်အခြေခံ-ပလက်ဖောင်း ရရှိရေးကို ဆောင်ရွက်နေဆဲဖြစ်ပါသည်။

## C. စီမံခန့်ခွဲရေးဆိုင်ရာနှင့်လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ပံ့ပိုးမှု

57. ယန္တရားသည် စီမံခန့်ခွဲရေးဆိုင်ရာနှင့်လုပ်ငန်းဆိုင်ရာ ပံ့ပိုးရေး ဖွဲ့စည်းပုံများကို ထူထောင်ရာ၌ အရေးကြီးသော တိုးတက်မှုများ ရရှိခဲ့သည်၊ ၎င်းဖွဲ့စည်းပုံများသည် ယန္တရားအား ၎င်း၏ ပင်မရင်းမြစ်များနှင့် အခြေခံအဆောက်အအုံ၊ ဝန်ထမ်း ခန့်အပ်ခြင်းနှင့် ရွေးချယ်ခြင်း၊ လုံခြုံရေး ဝန်ဆောင်မှုများ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဘာသာစကား ဝန်ဆောင်မှုများ ချပေးခြင်းနှင့် သက်သေများနှင့် နစ်နာသူများအား ကာကွယ်ပေးခြင်းနှင့် ပံ့ပိုးပေးခြင်းတို့နှင့် စပ်လျဉ်းသည့် မရှိမဖြစ် လိုအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်စေသည်။

58. လက်ရှိ အစီရင်ခံစာကို ထုတ်ပြန်သည့်ကာလအတွင်း ယန္တရား၏ နောက်ထပ် အရေးပါသည့် ဦးစားပေးကိစ္စရပ်တခုမှာ အတွေ့အကြုံရင့်ကျက်ပြီး ဆန်းသစ်တီထွင်ဉာဏ်စွမ်း ရှိသည့် ကျွမ်းကျင်မှုနှင့် အထူးပြုမှု ကျယ်ကျယ်ပြန့်ပြန့်ရှိသော အတတ်ပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ ခန့်အပ်ခြင်းကိစ္စကို အပြီးပြတ်လုပ်ရန်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ယန္တရားသည် ဝန်ထမ်းများအား အလျင်အမြန် ခန့်အပ်ရန် ဝန်ထမ်းခန့်အပ်ရေး အချိန်အတိုင်းအတာနှင့် အခြေခံ နည်းဗျူဟာတို့ကိုက်ညီမည့် ၎င်း၏ ဦးစားပေးမှု အစီအစဉ်နှင့်အညီ နှစ်ဆတိုးမြှင့်၍

ကြိုးပမ်းခဲ့သည်။ ကုလသမဂ္ဂ၏ ဝန်ထမ်း ခေါ်ယူရေး ဆိုင်းငံထားမှုကြောင့် ဝန်ထမ်းသစ်ခေါ်ယူရေး ကြိုးပမ်းချက်များကို ၂၀၂၀ ခုနှစ်အတွင်း ဆိုင်းငံ့ထားခဲ့ရသော်လည်း နောက်ထပ် ငွေကြေးလည်ပတ်မှု အကန့်အသတ် သို့မဟုတ် မျှော်လင့်မထားသည့် အခြေအနေများနှင့် မကြုံတွေ့ရလျှင် ယခု ၂၀၂၁ ခုတွင် ဝန်ထမ်းသစ် ခေါ်ယူရေး ရည်မှန်းချက် ပြည့်မီလိမ့်မည်ဟု မျှော်လင့်ပါသည်။

59. ၂၀၂၁ ခုနှစ် အထွေထွေညီလာခံက အတည်ပြုခဲ့သည့် စုစုပေါင်း ရာထူးနေရာများ၏ ၇၅ ရာခိုင်နှုန်းနီးပါးကို ၂၀၂၁ ခုနှစ် ဇွန်လထိ ကာလအတွင်းတွင် ခန့်အပ်နိုင်ခဲ့သည့်အပြင် ကျန်ရှိနေသေးသည့် ရာထူးနေရာများအတွက် ဝန်ထမ်းသစ်ခေါ်ယူရေးဘက်တွင်လည်း ရှေ့သို့ အများကြီး ရောက်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားသောဥပဒေ၊ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးနှင့် တရားစွဲဆိုရေး၊ ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ သတင်းအချက်အလက်စနစ် စီမံခန့်ခွဲရေး၊ သတင်းအချက်အလက် သိုလှောင်ရေးနှင့် ထိန်းသိမ်းရေး၊ စစ်ဘက်ဆိုင်ရာ ကိစ္စရပ်များ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျား မ လိင်အမျိုးအစားအပေါ် အခြေခံသည့် ရာဇဝတ်မှုနှင့် အကြမ်းဖက်မှု၊ ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု၊ သတင်းအချက်အလက် နည်းပညာနှင့် လုံခြုံရေး၊ သက်သေ အကာအကွယ်ပေးရေးနှင့် အထောက်အကူပေးရေး၊ ဘာသာစကား အထောက်အကူပိုင်း စသည်တို့နှင့်ပတ်သက်သော ကျွမ်းကျင်မှုပေါင်းစုံကို ဝန်ထမ်းသစ်များက ယူဆောင်လာကြသည်။ ဝန်ထမ်းသစ်များ ခန့်အပ်ရာတွင် လုပ်ငန်းတာဝန် သတ်မှတ်ချက်များနှင့်အညီ ကွဲပြားခြားနားသော ဥပဒေဆိုင်ရာ ဓလေ့ထုံးတမ်း ကိုးကားမှု၊ ပထဝီ နယ်မြေ ကျယ်ပြန့်ခြားနားမှု၊ ကျား မ ဟန်ချက်ညီမှု၊ ဒေသဆိုင်ရာ ကျွမ်းကျင်မှုနှင့် သက်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်မှုတို့ကို အသေအချာ ထည့်သွင်းစဉ်းစားပေးခဲ့သည်။

60. ယန္တရားသည် အလျင်အမြန်ပြောင်းလဲနေသည့် နည်းပညာပိုင်းဆိုင်ရာ နယ်ပယ်များတွင် မိမိ၏ ဝန်ထမ်းများအား ဆက်လက်၍ ကျွမ်းကျင်မှု ဆက်လက် အားကောင်းနေစေရန် ရည်ရွယ်ချက်ဖြင့် ရုံးတွင်း လေ့ကျင့်သင်ကြားပို့ချခြင်း အစီအစဉ်တစ်ရပ်ကိုလည်း တည်ထောင်ခဲ့ပါသည်။ အဝေးမှနေ၍ အလုပ်လုပ်ကိုင်သည့် အခြေအနေအားဖြင့် ယန္တရားသည် အွန်လိုင်း လေ့ကျင့်သင်တန်းပို့ချမှုများကို ကိုဗစ်-၁၉ ရောဂါကပ်ဘေးကြီးအတွင်း သက်ဆိုင်သည့် နယ်ပယ်များနှင့်ပတ်သက်၍ မိမိ၏ဝန်ထမ်းများ အချိန်နှင့်တစ်ပြေးညီ ခေတ်မီနေစေရန် စီစဉ်ပေးခဲ့သည်။ အခွင့်အလမ်းများကို အမြင့်မားဆုံး သုံးစွဲရန်နှင့် ကျွမ်းကျင်မှုများ အမြင့်မားဆုံး ဖြစ်နေစေရန် ယန္တရားသည် လေ့ကျင့်သင်တန်းပို့ချခြင်းနှင့် အခြားသော လေ့လာသင်ယူရေးဆိုင်ရာ လုပ်ငန်းများ စီမံရေးနှင့်ပတ်သက်၍ အခြား တာဝန်ခံမှုဆိုင်ရာ ယန္တရားများနှင့် ပုံမှန်အားဖြင့် ပူပေါင်းလုပ်ကိုင်ပါသည်။

61. ဘာသာစကား ထောက်ကူပြုမှုအပိုင်းတွင် ယန္တရားသည် မြန်မာနိုင်ငံ၌ ပြောဆိုသည့် အလွန်များပြားသော ဘာသာစကားများအတွက် မိမိ၏ အထူးပြု စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် အထူးသဖြင့် တိုင်းရင်းဘာသာ စကားပြောဆိုသူများနှင့် ပါဝင်ပတ်သက်သူများကို ၎င်းတို့၏ ဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုနိုင်ရန် ဆက်လက်၍ ကြိုးစားနေဆဲဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ယန္တရားသည် ပြုစုစုဆောင်းရေးနှင့် ဆန်းစစ်သုံးသပ်ရေး အလုပ်ကို ထောက်ကူပေးရန် ရုံးတွင်း ဘာသာစကား စွမ်းဆောင်ရည်များကို ဖွံ့ဖြိုးအောင် စီစဉ်ပေးခြင်း၊

မိမိ၏ ကျယ်ပြန့်သော ဘာသာပြန်ဆိုခြင်းနှင့် စကားပြန်ခြင်း နှစ်မျိုးလုံး၏ လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန် ပြင်ပမှ အကူအညီကို ငှားရမ်းတောင်းခံ လုပ်ကိုင်လျက်ရှိပါသည်။

# IV. နိဂုံးချုပ်

62. **ယန္တရားသည် မိမိ၏ အခြေခံ လုပ်ငန်းများကို အလျင်အမြန် ရှေ့ဆက်လုပ်ရာ၌ နှစ်နှစ် မပြည့်ခင်မှာပင် တိုးတက်မှုများ အခိုင်အမာ ရရှိခဲ့ပြီး ၎င်း၏ လုပ်ပိုင်ခွင့်ကို ရေရှည် အကောင်အထည်ဖော်ရန် အခြေခံကျပြီး အဓိကကျသည့် အခြေခံအဆောက်အအုံကို ချမှတ်ခဲ့သည်။ အဖွဲ့အစည်းအသစ်အဖို့ မှတ်သားလောက်သည့် လျင်မြန်မှုဖြင့် ယန္တရားသည် အခက်အခဲအသစ်များ၊ ဖွဲ့စည်းမှုဆိုင်ရာ ဖြစ်ပျက်ပြောင်းလဲမှုများ၊ လုပ်ငန်းဆိုင်ရာ နည်းလမ်းများကို ပြန်လည်ညှိနှိုင်းပေးခြင်းနှင့် ၎င်း၏ နည်းပါးလှသော ပင်မရင်းမြစ်များကို နည်းဗျူဟာကျကျ ချမှတ်သုံးစွဲပေးခြင်းကို အလျင်အမြန် အသားကျအောင်လုပ်ဆောင်ခဲ့သည်။**

63. **ယန္တရားသည် လက်ရှိအချိန်အထိ အောင်မြင်ခဲ့သည့် အရှိန်အဟုန်ပေါ်မူတည်၍ ရှေ့တန်းနေရာအားလုံးတွင် ၎င်း၏ အခြေခံလုပ်အားကို နောက်ထပ် နက်နက်ရှိုင်းရှိုင်း အသုံးချနိုင်ရန်အလို့ငှါ အထူးသဖြင့် သက်သေများနှင့် အခြားသော သတင်းအချက်အလက် ပေးကမ်းသူများအား လူတွေ့အင်တာဗျူးလုပ်ရန်နှင့် သက်သေအထောက်အထား ပြုစုစုဆောင်းရန်အတွက် မစ်ရှင်စေလွှတ်ရန် အလို့ငှါ ဆက်လက်၍ လုပ်ဆောင်သွားပါမည်။ မြန်မာနိုင်ငံရှိ လတ်တလော အခင်းဖြစ်ရပ်များကြောင့်သာ ယန္တရား၏ အခြေခံ လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ ဤအတွက်ကြောင့် ယန္တရားအနေဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၇၄/၂၄၆ တွင် တောင်းဆိုထားသည့်အတိုင်း ဝန်ထမ်းခန့်အပ်ရေး၊ တည်ရှိနေရာနှင့် လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရေးဆိုင်ရာ လိုအပ်ချက်များကို အခြေအနေနှင့်အညီ ပြောင်းလွယ် ပြင်လွယ်အောင် ယန္တရားအား လုပ်ပိုင်ခွင့်ပြုဖို့ အရေးကြီးပါသည်။**

64. **နိုင်ငံတကာ အသိုင်းအဝိုင်းတခုလုံး အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြည့်ပြည့်စုံစုံနှင့် အဓိပ္ပါယ်ရှိရှိ ပူးပေါင်းဆောင်ရွက်မှုမှာ မရှိမဖြစ် လိုအပ်နေအုံးမည် ဖြစ်ပါသည်။ ဤသို့ ပူးပေါင်းဆောင်ရွက်မှု အထောက်အပံ့မရရှိလျင် မြန်မာပြည်သူလူထုအတွက် တာဝန်ခံမှု ဆောင်ရွက်ပေးရေး တရားမျှတမှု ဆောင်ကြဉ်းပေးရေးအတွက် တစ်မူထူးခြားသည့် အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရာ၌၊ ၎င်း၏ လုပ်ပိုင်ခွင့်အတိုင်း အပြည့်အဝ လုပ်ဆောင်ရာ၌ ယန္တရားနေဖြင့် အဟန့်အတားများနှင့် ကြုံနေရပါလိမ့်မည်။**